# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ – ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ်(၁၁၁)


## မြန်မာ – တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာ – တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တက်ရောက်ဆွေးနွေးကြသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာရေး၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ ထူထောင်ရေး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း၊ တရုတ်–မြန်မာ စီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သစ်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ထွက်ကုန်ပစ္စည်းများတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ●


**" မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ထူထောင်ရေး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း၊ တရုတ်-မြန်မာ စီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သစ်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး"**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ– တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် အား ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်




# အေးအတူပူအမျှ အသိုက်အဝန်း

၂၀၂၀ ပြည့်နှစ်သည် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၇၀ ပြည့်သောနှစ်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး နှစ်နိုင်ငံနယ်နိမိတ်ထိစပ်မှု ၁၃၄၈ မိုင်ရှိသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အလျောက် နှစ်နိုင်ငံကူးလူးဆက်ဆံမှုမှာ နှစ်ပေါင်း ထောင်ချီရှည်ကြာသောသမိုင်းရှိသည်။ နယ်မြေကျယ်ဝန်းသလောက် လူဦးရေလည်းများပြားလှသည့် တရုတ်နိုင်ငံမှာ မျက်မှောက်ကာလ စီးပွားရေးတွင်လည်း ကမ္ဘာ့အင်အားကြီးအဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

ယခုအခါ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်သူများ "ရာပြည့်ပန်းတိုင်နှစ်ခုရည်မှန်းချက်" ကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းရည်မှန်းချက်နှစ်ရပ်မှာ တရုတ်ကွန်မြူနစ်ပါတီ တည်ထောင်မှု နှစ်(၁၀၀) ပြည့်မြောက်မည့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံကို အလယ်အလတ် ချမ်းသာကြွယ်ဝသည့် လူမှုအဖွဲ့အစည်း (Moderately Prosperous Society) ဖြစ်လာစေရေး ရည်မှန်းချက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၁၀၀) ပြည့်မြောက်မည့် ၂၀၄၉ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတမျှတသည့် ဆိုရှယ်လစ်ခေတ်မီနိုင်ငံတော် (Strong, Harmonious and Modern Socialist Country) တည်ထောင်နိုင်ရေး ရည်မှန်းချက်တို့ပင်ဖြစ်ပြီး အဆိုပါရည်မှန်းချက်နှစ်ရပ်လုံး ပေါက်မြောက်အောင်မြင်နိုင်မည့် အလားအလာကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်သည်ကိုလည်း တွေ့ရှိရသည်။

လက်ရှိကမ္ဘာ့အခြေအနေနှင့် စပ်လျဉ်း၍ တစ်ကိုယ်တော်ဝါဒ (Unilateralism)၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ (Protectionism) များ ခေါင်းမော့လာနေကြောင်း သမ္မတ မစ္စတာ ရှီကျင့်ဖျင်က သုံးသပ်ခဲ့ပြီး တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်တို့ ကုလသမဂ္ဂ၊ အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေး၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စသည့် ဘက်ပေါင်းစုံယန္တရားမူဘောင်များတွင် ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက် ခံယူချက်ကို ပြန့်ပွားအောင်ဆောင်ရွက်၍ အပြန်အလှန်လေးစားသော၊ တရားမျှတ၍ မှန်ကန်သော၊ ပူးပေါင်းဆောင်ရွက်၍ အပြန်အလှန်အကျိုးဖြစ်ထွန်းသော နိုင်ငံတကာ ဆက်ဆံရေးပုံစံသစ် တည်ဆောက်မှုကို တွန်းအားပေးကာ လူသားတို့၏ကံကြမ္မာတူ အသိုက်အဝန်းကို ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်ကြောင်း အဆိုပြုထားသည်ကို ၎င်းကိုယ်တိုင်ရေးသားခဲ့သည့် ဆောင်းပါးတွင် တွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို ချမှတ်ခဲ့ကြသည့် မူလနိုင်ငံများတွင် ပါဝင်ခဲ့ပြီး လက်တွေ့ကျင့်သုံးခဲ့ကြသလို နှစ်နိုင်ငံဆက်ဆံရေးတွင်လည်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများဆက်ဆံရေး စသည်ဖြင့် အဆင့်များတိုးမြှင့်နိုင်ခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားတည်ရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အေးအတူပူအမျှအဖြစ် တိုးမြှင့်သွားရန် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ပြီးဖြစ်သည်။

"မိမိတို့သည် ခင်မင်ရင်းနှီးပြီး အပြန်အလှန်နားလည်အားထားရသည့် ဆွေမျိုးပေါက်ဖော်အဖြစ် ဆက်လက်ရပ်တည်သွားရမည်ဖြစ်ပါကြောင်း၊ အကျိုးစီးပွားကြောင့် ပေါင်းသင်းဆက်ဆံပါက အကျိုးစီးပွားမရှိသည့်အခါ ဆက်ဆံမှုပြိုကွဲသွားနိုင်ပါကြောင်း၊ စိတ်ဆန္ဒချင်းတူညီမှုနှင့် ပေါင်းသင်းဆက်ဆံပါက ကြာရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေး ဆက်လက်တိုးတက်ခိုင်မာရေးသည် ပြည်သူများ၏ဆန္ဒနှင့် ကိုက်ညီပြီး လိုက်လျောညီထွေဖြစ်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ နေထိုင်မှုဘဝအတွက် အကျိုးရှိစေရမည် ဖြစ်ပါကြောင်း" သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ပြောကြားခဲ့ရာ နှစ်နိုင်ငံအနာဂတ်ဆက်ဆံရေးအတွက် နှစ်ထောင်းအားရဖွယ်ပင်ဖြစ်ပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို အောင်မြင်စွာထူထောင်ကာ ရာစုနှစ်များစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ထာဝရ အမှတ်ရဖွယ်ပင်ဖြစ်ပါကြောင်း။ ။

# ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးနှင့် ဝင်းစိန်ဆရာတော်ကြီး၏ သက်တော်(၉၉)နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်၏ အကျော်ကြားဆုံး ပွဲတော်ကြီးတစ်ခုဖြစ်သည့် မုဒုံမြို့ ဖျိုင်းနှစ်ကောင်ရှိ အတောင်လေးရာပြည့် လျောင်းတော်မူဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးနှင့် ဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့သော ဝင်းစိန်ဆရာတော်ကြီး၏ သက်တော် ( ၉၉ )နှစ်ပြည့်မွေးနေ့ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင် ကျင်းပလျက်ရှိသည်။



အဆိုပါပွဲတော်ကြီး၌ နိဗ္ဗာန်ဈေးများ၊ စတုဒိသာမဏ္ဍပ်ပေါင်း ၃၃ ခုတို့တွင် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာမျိုးစုံနှင့် မွန်ရိုးရာ အစားအစာများကို အနယ်နယ်အရပ်ရပ်မှလာရောက်ကြမည့် ဘုရားဖူးများအား သုံးရက်တိုင်တိုင် စတုဒိသာများဖြင့် ကျွေးမွေးကြမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပခြင်း၊ နာမည်ကြီး ဇာတ်သဘင်ဖြစ်သည့် ဟန်ဇာမိုးဝင်းဇာတ်ပွဲဖြင့် မိုးအလင်း ကပြဖျော်ဖြေခြင်းတို့ ပါဝင်မည် ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ ၁၄ လုံးနှင့် မြို့နယ် ငါးမြို့နယ်တွင် ပြည်သူ့အငှားအိမ်ရာ ငါးလုံး တည်ဆောက်မည်

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ တာဝန် ထမ်းဆောင်နိုင်ရေးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့တွင် ဝန်ထမ်းအိမ်ရာ ၁၄ လုံး၊ အခန်းပေါင်း ၁၉၆ ခန်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာအလုံး ၂၀၊ အခန်းပေါင်း ၂၇၆ ခန်းကို တည်ဆောက်ပြီးစီး၍ ဝန်ထမ်းများကို စတင် နေရာချထားပေးနေကြောင်း အဆိုပါဌာနမှ သိရသည်။

အလားတူ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးတွင်းရှိ မြို့နယ် ငါးမြို့နယ်တွင် ပြည်သူ့အငှားအိမ်ရာ ငါးလုံး၊ အခန်းပေါင်း ၁၉၀ ကို တည်ဆောက်သွားမည်ဖြစ်ပြီး တစ်လလျှင် အခန်းငှားခ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လုပ်သက် ၂၅ နှစ်အထက် ကိုယ်ပိုင်အိမ်မရှိသော နိုင်ငံ့ဝန်ထမ်းများ၊ ကိုယ်ပိုင်အိမ်မရှိသော အငြိမ်းစားဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အချိုးကျခွဲဝေ၍ နေရာ ချထားသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြရည်မွန်က ပြောသည်။

ယခင် ဘဏ္ဍာနှစ်များအတွင်း မြို့နယ် ငါးမြို့နယ်တွင် ပြည်သူ့အငှားအိမ်ရာ ၁၄ လုံး၊ အခန်းပေါင်း ၆၇၂ ခန်း တည်ဆောက်၍ နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော မြို့ပြနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဘေးကင်းလုံခြုံသော၊ သာယာလှပသော၊ ဟန်ချက်ညီညီ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော ပုံစံစနစ်တစ်ခုပေါ်ထွန်းရေး၊ နိုင်ငံသားအားလုံး လူနေမှုဘဝ မြှင့်တင်နိုင်စေမည့် သင့်လျော်သောအိမ်ရာများတွင် နေနိုင်စေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

**မွေးကြူဇင်**

# မွေးရာပါနှလုံးရောဂါ ကုသခံကလေးငယ်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူမှုကူညီရေးအဖွဲ့ချုပ် (China Charity Federation) နှင့် ရန်ကုန်အခြေစိုက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်းတို့ စီစဉ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဖူဝေအထူးကုဆေးရုံကြီး၌ မွေးရာပါနှလုံးရောဂါကို ခွဲစိတ်ကုသမှု သွားရောက်ခံယူခဲ့သော ကလေးငယ်များအနက် ကူမင်းမြို့၌ ကျန်ရှိနေခဲ့သော ကလေးငယ်လေးဦးမှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူမှုကူညီရေးအဖွဲ့ချုပ်နှင့် ရန်ကုန်အခြေစိုက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်းတို့သည် ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ ရန်ကင်းကလေးအထူးကု ဆေးရုံကြီးနှင့် ပူးပေါင်း၍ မွေးရာပါနှလုံးရောဂါသည် ကလေးငယ်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဖူဝေအထူးကုဆေးရုံကြီး၌ စရိတ်ငြိမ်းခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်ကုသပေးမှု၌ ကလေးငယ်ကိုးဦး ပါဝင်ခဲ့ကာ ဒီဇင်ဘာ ၄ ရက်က ကူမင်းမြို့သို့ ထွက်ခွာသွားခဲ့ကြခြင်း ဖြစ်သည်။

ယင်းတို့အနက် ခွဲစိတ်ကုသမှု အောင်မြင်ပြီးစီးခဲ့သော ကလေးငယ်သုံးဦးမှာ ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်က တစ်ဦး ပြန်လည်ရောက်ရှိခဲ့ရာ ယခုပြန်လည်ရောက်ရှိလာသည့် ကလေးငယ်လေးဦးမှာ နောက်ဆုံးအသုတ် ဖြစ်သည်။

ယခု ဆေးကုသမှုများအတွက် နေထိုင် သွားလာစားသောက်စရိတ်များအားလုံးကို အခမဲ့ စရိတ်ငြိမ်း ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့၊ ကျောက်မဲမြို့၊ ကျိုင်းတုံမြို့၊ မင်းတပ်မြို့နှင့် ရမ်ကလောင်းတို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



မြန်မာ-တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

● *ရှေ့ဖုံးမှ*

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးသောင်းထွန်း၊ ဦးဟန်ဇော်၊ ဦးကျော်တင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးသန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

## တက်ရောက်

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနှင့် စာလွှာများလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

## အပြန်အလှန်လဲလှယ်

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ရှေ့မှောက်၌ "ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ" ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ဟယ်လိဖုန်းတို့က လည်းကောင်း၊ "ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်မူဘောင် သဘောတူစာချုပ် လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ"၊ "ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်" တို့ကို

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့ နှစ်နိုင်ငံသဘောတူညီချက်၊ နားလည်မှုစာချွန်လွှာတို့ကို အပြန်အလှန်လဲလှယ်ကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့ စာလွှာကို အပြန်အလှန်လဲလှယ်ကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့ စာလွှာကို အပြန်အလှန်လဲလှယ်ကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့ နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့က လည်းကောင်း၊ **“ရန်ကုန် ရဲကွပ်ကဲမှု ဗဟိုဌာန လွှဲပြောင်းခြင်း အထောက်အထားစာလွှာ”**ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့က လည်း ကောင်း၊ **“မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ကင်းလှည့်ရေယာဉ် (၆)စင်း ပေးအပ်မည့်စာလွှာ”**ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့က လည်းကောင်း၊ **“(၃)နှစ်တာ နယ်စပ်ဒေသများ ဖွံ့ဖြိုးမှု စီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာစာလွှာ”** ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်း တို့က လည်းကောင်း အပြန်အလှန် လဲလှယ်ကြသည်။

### အပြန်အလှန်လဲလှယ်

ဆက်လက်၍ **“တရုတ်အမျိုးသား ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်”**နှင့် **“၂၀၂၀ လန်ချန်း-မဲခေါင်ရုပ်မြင်သံကြား သီတင်းပတ်၏ “မြန်မာနေ့” ပူးတွဲကျင်းပရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ”**တို့ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲရေးဝန်ကြီး မစ္စတာ ညဲချန်းရှီးတို့က လည်းကောင်း၊ **“မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်”**၊ **“မြန်မာနိုင်ငံမှ အပူပေးစနစ်ဖြင့် ပြုပြင်ထုတ်လုပ်ထားသော ပိုးအိမ်ခြောက်များ တင်ပို့ခြင်းဆိုင်ရာ သဘောတူစာချုပ်”** နှင့် **“မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲ၊ နွားများအတွက် ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေး လိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်”** တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့က လည်းကောင်း၊ **“စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးထိန်းချုပ်မှုဗဟိုဌာန စီမံကိန်းဆိုင်ရာစာလွှာ”** နှင့် **“စပ်မျိုးစပါး သုတေသနဗဟိုဌာနစီမံကိန်းဆိုင်ရာစာလွှာ”**တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့က လည်းကောင်း အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် **“အတိုးမဲ့ချေးငွေဖြင့် လူစီးရထားတွဲများ ဝယ်ယူရေးသဘောတူစာချုပ်”** ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့က လည်းကောင်း၊ **“အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ”** ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာကျုံးရှန်းတို့က လည်းကောင်း၊ **“လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ”** ကို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုး တိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်း တို့က လည်းကောင်း၊ **“ကွမ်းလုံတံတား စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်”** ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့က လည်းကောင်း၊ **“ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ စီမံကိန်းစာလွှာ”**ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့က လည်းကောင်း အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် **“ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်”**နှင့် **“အစုရှယ်ယာများနှင့်သက်ဆိုင်သော သဘောတူစာချုပ်”** တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တရုတ်နိုင်ငံ CITIC Consortium Port Investment Limited ဥက္ကဋ္ဌ မစ္စတာ ချန်ကျန့်မင် တို့က လည်းကောင်း၊ **“မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား မြန်မာ့စီးပွားရေးစကြံပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ”**ကို မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအတွင်းရေးမှူး မစ္စတာ ကျန်းကော်ဟွာတို့က လည်းကောင်း၊ **“ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား ချစ်ကြည်ရေးဆက်ဆံမှု တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ”**ကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအတွင်းရေးမှူး မစ္စတာ ကျန်းကော်ဟွာတို့က လည်းကောင်း၊ **“ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်စာလွှာ”**ကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် China Communications Construction Company Ltd., ဥက္ကဋ္ဌ မစ္စတာ စုန့်ဟိုင်လျန်တို့က လည်းကောင်း၊ **“နှစ်နိုင်ငံသံရုံးမြေနှင့် အဆောက်အအုံ အပြန်အလှန်ထောက်ပံ့ခြင်းဆိုင်ရာ သဘောတူညီချက်”** နှင့် **“နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ”** တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင် တို့က လည်းကောင်း၊ **“တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ”** ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် တရုတ် နိုင်ငံ China South Power Grid ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ မုံ့ကျန့်ဖျင်တို့က လည်းကောင်း၊ **“နှစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ”**ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့က လည်းကောင်း၊ **“မန္တလေး-ထီးချိုင့်-မူဆယ် အမြန်လမ်းမကြီးနှင့် ကျောက်ဖြူ-နေပြည်တော် အဝေးပြေးလမ်းမကြီး စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှုအစီရင်ခံစာ”** ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့် တရုတ်နိုင်ငံ China Harbour Engineering Co.Ltd. ဥက္ကဋ္ဌ မစ္စတာ ထန်ချောင်န်လျန် တို့က လည်းကောင်း၊ **“မူဆယ်-မန္တလေးရထားလမ်း ဖြစ်နိုင်ခြေလေ့လာမှုအစီရင်ခံစာ”** ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် တရုတ်နိုင်ငံ China Railway Engineering Company ဥက္ကဋ္ဌ မစ္စတာ ကျန်းကျုံးရန်တို့က လည်းကောင်း အပြန်အလှန် လဲလှယ်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်စဉ်။
သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ မစ္စတာ ဝမ်းရှောင်ထောင်းတို့ စာလွှာကို အပြန်အလှန် လဲလှယ်ကြစဉ်။
သတင်းစဉ်

### နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

### ဓာတ်ပုံအယ်လ်ဘမ်ပေးအပ်

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ နေ့လယ်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့သည်။ လေဆိပ်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများမှ ကြိုဆိုခဲ့ကြသည်။

၃။ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဧည့်သည်တော်သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား သမ္မတအိမ်တော်၊ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်း အနားဖြင့် ကြိုဆိုခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မစ္စတာ ရှီကျင့်ဖျင်အား သမ္မတအိမ်တော်၌ ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဧည့်သည်တော်သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် နိုင်ငံတော်သမ္မတ အိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်ဖက်ခေါင်းဆောင်များက မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံမှု ခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအား အေးအတူပူအမျှအဖြစ် တိုးမြှင့်သွားနိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ပူးတွဲကျင်းပသွားရေးနှင့် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များက သက်ဆိုင်ရာနိုင်ငံများ၌ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်ရာတွင် အောင်မြင်တိုးတက်မှုများ ပိုမိုရရှိရေးအတွက် အပြန်အလှန် ဆန္ဒပြုခဲ့ကြသည်။

၄။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် ခေါင်းဆောင်နှစ်ဦးက ဆုတောင်းမိန့်ခွန်းများ အပြန်အလှန် ပြောကြားခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များမှ နှစ်ဦးနှစ်ဖက်၏ အကျိုးစီးပွား ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် ဆန္ဒရှိမှုကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

၅။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ခေါင်းဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် သမ္မတအိမ်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ ၂ သို့ ထွက်ခွာခဲ့သည်။ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၂တွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ မစ္စတာ ရှီကျင့်ဖျင်သည် နိုင်ငံရေးပါတီ (၁၇) ဖွဲ့မှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ ၂ တွင် ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ဆယ်စုနှစ် (၇) ခုအတွင်း နှစ်နိုင်ငံ အပြန်အလှန်ခရီးစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားနှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် စတင်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့မှ အဖွင့်မိန့်ခွန်းများ ပြောကြားခဲ့ပြီး နှစ်နိုင်ငံသမ္မတများက မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် စတင်ခြင်းအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းအခမ်းအနားတွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရိုးရာအကများ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

၆။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဦးဆောင်၍ နှစ်နိုင်ငံဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတအိမ်တော်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြသည်။ နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် နှစ်ဖက်ခေါင်းဆောင်များက လက်ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးအား နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုအတွက် အေးအတူပူအမျှ ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံအကြား ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ၊ အခြေခံအဆောက်အအုံစီမံကိန်းများ ပါဝင်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားများအား နှစ်နိုင်ငံလုံးတွင် တစ်နှစ်ပတ်လုံး ကျင်းပသွားရေး၊ နှစ်နိုင်ငံပြည်သူများ အကြား ကူးလူးဆက်ဆံမှုတိုးမြှင့်စေရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် နှစ်ဖက်အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များအပေါ် ပိုမိုနီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအစရှိသည့်ကိစ္စရပ်များကို အလေးထား ဆွေးနွေးခဲ့ကြသည်။

၇။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးတို့၏ အရေးပါမှုကို အလေးထားပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းနေမှုတို့အား တရုတ်နိုင်ငံမှ ဆက်လက် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်းကို ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းကတိပြုခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ လာမည့် (၃) နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအဖြစ် ယွမ် (၄) ဘီလီယံအား ပေးအပ်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။

၈။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတတို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာများနှင့် စာလွှာများ လဲလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ်လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ၊ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု သဘောတူညီချက်၊ ရန်ကုန်ရဲကွပ်ကဲမှုဗဟိုဌာနအား လွှဲပြောင်းခြင်းစာလွှာ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ကင်းလှည့်ရေယာဉ် (၆) စီး ပေးအပ်ရေး လဲလှယ်မှုစာလွှာ၊ (၃) နှစ်တာ နယ်စပ်ဒေသများ ဖွံ့ဖြိုးမှုစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ လဲလှယ်မှုစာလွှာ၊ တရုတ်အမျိုးသားရုပ်မြင်သံကြား၊ အသံလွှင့်ဌာနနှင့် မြန်မာပြန်ကြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ ၂၀၂၀ လန်ချန်း-မဲခေါင် ရုပ်မြင်သံကြား သီတင်းပတ်၏ "မြန်မာနေ့" ပူးတွဲကျင်းပရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်၊ မြန်မာနိုင်ငံမှ အပူပေးစနစ်ဖြင့် ပြုပြင်ထုတ်လုပ်ထားသော ပိုးအိမ်ခြောက်များ တင်ပို့ခြင်းဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲနွားများအတွက် ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေး လိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်၊ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးထိန်းချုပ်မှု ဗဟိုဌာနစီမံကိန်းဆိုင်ရာစာလွှာ၊ စပ်မျိုးစပါး သုတေသနဗဟိုဌာန စီမံကိန်းဆိုင်ရာစာလွှာ၊ အတိုးမဲ့ချေးငွေဖြင့် လူစီးရထားတွဲများဝယ်ယူရေး အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူစာချုပ်၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာ၊ ကွမ်းလုံတံတားစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ လဲလှယ်မှုစာလွှာ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့် သက်ဆိုင်သော သဘောတူစာချုပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်အကြား တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား ချစ်ကြည်ရေးဆက်ဆံမှု တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရန်ကုန်မြို့တော်အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ် စာလွှာ၊ နှစ်နိုင်ငံ သံရုံးမြေနှင့် အဆောက်အအုံ အပြန်အလှန်ထောက်ပံ့ခြင်းဆိုင်ရာ သဘောတူညီချက်၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း စီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ မန္တလေး-ထီးချိုင့်-မူဆယ် အမြန်လမ်းမကြီးနှင့် ကျောက်ဖြူ-နေပြည်တော် အဝေးပြေးလမ်းမကြီးစီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုအစီရင်ခံစာ လွှဲပြောင်းခြင်းစာလွှာနှင့် မူဆယ်-မန္တလေးရထားလမ်း ဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံစာ လွှဲပြောင်းခြင်းစာလွှာတို့အား လဲလှယ်ခဲ့ကြသည်။ ထို့ပြင် ရန်ကုန်မြစ်ဝ အနောက်ဘက်ကမ်းထိန်းသိမ်းရေးစီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မန္တလေး-ပုဂံ ရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု နားလည်မှုစာချွန်လွှာ၊ မီးလင်းချိုင်သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်မှုဆိုင်ရာ စာလွှာနှင့် "ဝ" တစ်လုံးဥမင်လိုဏ်ခေါင်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့အား ခရီးစဉ်အတွင်း သီးခြား လက်မှတ်ရေးထိုးခဲ့ကြသည်။

၉။ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Horizon Lake View ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့သည်။ ဆက်လက်၍ သမ္မတ ရှီကျင့်ဖျင်သည် ရွှေစံအိမ်ဟိုတယ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ နေ့လယ်စာစားပွဲအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ပေကျင်းမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများမှ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

၁၀။ ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်၊ မဟာဗျူဟာမြောက် မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး သာတူညီမျှရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရေးအတွက် အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန် နှစ်ဖက်သဘောတူညီခဲ့သည်။

*စာမျက်နှာ ၆ သို့*

> ❒ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအဖြစ် ယွမ်(၄)ဘီလီယံ ထောက်ပံ့သွားရန်ရှိ
>
> ❒ သမ္မတရှီကျင့်ဖျင် ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနှင့် စာလွှာစုစုပေါင်း (၃၃) ခုတို့ကို လက်မှတ်ရေးထိုးခြင်းနှင့် လဲလှယ်ခြင်းတို့ပြုလုပ်ခဲ့

# ❒ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ရခိုင်ကိစ္စဖြေရှင်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုတို့အား တရုတ်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်

*စာမျက်နှာ ၅ မှ*

တရုတ်ပြည်သူများ အနေဖြင့် ရာပြည့်ပန်းတိုင်နှစ်ခု ရည်မှန်းချက်နှင့် တရုတ်နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်ပြန်လည်ဆန်းသစ်ရေး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် တရုတ်နိုင်ငံဘက်မှ ဆန္ဒပြုခဲ့သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ကို ခိုင်မာမြဲမြံစွာလိုက်နာမှုအပေါ်တွင်လည်း ကျေနပ်အားရမှုရှိကြောင်းကို နှစ်နိုင်ငံစလုံးမှ ထုတ်ဖော်ပြောကြားခဲ့သည်။

၁၁။ "ရပ်ဝန်းနှင့် လမ်းကြောင်း" ပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သော ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်း၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်အပါအဝင် အခြေခံအဆောက်အအုံစီမံကိန်းများဆိုင်ရာ မူဘောင်ကို အကောင်အထည်ဖော်ဆောင်ရေး ကြိုးပမ်းသွားကြရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

၁၂။ မြန်မာနိုင်ငံ၏ နိုင်ငံအခြေအနေနှင့်ကိုက်ညီသော၊ နိုင်ငံ၏ တရားဝင်ရပိုင်ခွင့်နှင့် အကျိုးစီးပွားတို့ကို ကာကွယ်သော၊ နိုင်ငံတကာစာမျက်နှာတွင် နိုင်ငံ့ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်သော၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံက ရွေးချယ်ထားသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို တရုတ်နိုင်ငံမှ အပြည့်အဝထောက်ခံကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ခိုင်မာစွာထောက်ခံကြောင်းနှင့် တရုတ်နိုင်ငံမှ ခွဲထွက်၍မရသည့် အစိတ်အပိုင်းများဖြစ်ကြသော ထိုင်ဝမ်၊ တိဗက်နှင့် ရှင်းကျန့်ကိစ္စတို့ကို ဖြေရှင်းရန် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုကို ထောက်ခံအားပေးသည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

၁၃။ ပင်လုံညီလာခံစိတ်ဓာတ်ကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက ထောက်ခံကြောင်း မြန်မာဘက်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သည့် အကူအညီများ ပေးအပ်နေခြင်းကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံက ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ရန်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံအားပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်ကို အခြေခံ၍ စိစစ်ပြီးသော နေရပ်စွန့်ခွာသူများကို မြန်မာနိုင်ငံမှ ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားမှုကို မြန်မာနိုင်ငံက ထပ်လောင်း အတည်ပြုခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အဆိုပါကိစ္စရပ်၏ ရှုပ်ထွေးမှုအပေါ် နားလည်ပေးမှုနှင့် ထောက်ခံအားပေးမှုတို့အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိသည်။

၁၄။ ၂၀၂၀ ပြည့်နှစ်ကို "မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်" အဖြစ် သတ်မှတ်သွားရေး၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ် (၇၀)ပြည့် အထိမ်းအမှတ်အဖြစ် အခမ်းအနားများ ပူးတွဲကျင်းပသွားနိုင်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် လူမှုရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုနှင့် ရင်းနှီးချစ်ကြည်မှု ပိုမိုနက်ရှိုင်းစေရေးအတွက် ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြသည်။ ကုလသမဂ္ဂ၊ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှု၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်။

၁၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်သည် ၎င်းသမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၃ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ခဲ့သော ခရီးစဉ်ဖြစ်ရုံသာမက (၁၉) နှစ်အတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်သည့် တရုတ်နိုင်ငံသမ္မတခရီးစဉ်ဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သည်။ ထို့ပြင် ဤချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ် (၇၀) ပြည့်မြောက်သည့် နှစ်တွင် လာရောက်ခြင်းဖြစ်သည်။

၁၆။ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များက ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆင့်မှ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး သာတူညီမျှရှိသော ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံသည့် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးအဆင့်သို့ မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနှင့် စာလွှာ စုစုပေါင်း (၃၃) ခုတို့ကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့သဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မာစေခဲ့သကဲ့သို့ ကဏ္ဍစုံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုကျယ်ပြန့်စေရန် အားသစ်လောင်းပေးခဲ့သည့် ချစ်ကြည်ရေးခရီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်။

✤ *ကျောဖုံးမှ*

နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား ဒုတိယသမ္မတ ဦးမြင့်ဆွေ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာ့အာမခံလုပ်ငန်းမှ ငွေကျပ် ၉၁၅ သန်းကျော် ရရှိခဲ့ပြီး ၄၈ သန်းကျော် ပြန်လည်အသုံးပြုမှုများရှိခဲ့ဟုဆို

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အာမခံဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးမှ ငွေကျပ် ၉၁၅ ဒသမ ၈၄၅ သန်း ရရှိခဲ့ကြောင်းနှင့် ယင်းဝင်ငွေများထဲမှ စီမံခန့်ခွဲမှုနှင့် အကျိုးခံစားခွင့်နှင့် နစ်နာကြေးပြန်လည်ပေးအပ်ခြင်းတို့အတွက် ငွေကျပ် ၄၈ ဒသမ ၃၅၁ သန်းကို ပြန်လည်အသုံးပြုခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးမန်နေဂျာ ဦးတင်မောင်သန်း၏ ပြောကြားချက်များအရ သိရသည်။

**လိုအပ်ချက်ရှိနေ**

"မြန်မာ့အာခမံ လုပ်ငန်းက ဝန်ဆောင်မှုပေးနေတဲ့ အာမခံအမျိုးအစားတိုင်းကို ပြည်သူတွေစိတ်ဝင်စားဖို့အတွက် အသိပညာပေးစည်းရုံးမှုတွေ လုပ်ဆောင်နေတယ်။ အခုထက်ပိုပြီး လုပ်ဆောင်ဖို့လိုလည်း လိုပါတယ်။ ကျွန်တော်တို့ဆီမှာက ဝန်ထမ်းနည်းတော့ အခက်အခဲဖြစ်နေတယ်။ ပြည်သူတွေအနေနဲ့ အခုထက် ပိုပြီးတော့ အာမခံလုပ်ငန်းကို စိတ်ဝင်စားဖို့အတွက် ဝန်ထမ်းတွေထပ်ဖြည့်တင်းပေးမယ် ဆိုရင်တော့ ဝန်ဆောင်မှုတွေကို အခုထက်ပိုပြီး ပေးနိုင်မယ်။ တိုင်းပြည်အတွက် ဝင်ငွေတွေလည်း အခုထက်ပိုပြီးတော့ ရရှိလာမှာဖြစ်ပါတယ်။ အခုအခြေအနေအတိုင်းကတော့ လိုအပ်ချက်တွေ ရှိနေဦးမှာပါ" ဟု မြန်မာ့အာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးမန်နေဂျာ ဦးတင်မောင်သန်းက ပြောသည်။

**အာမခံအများဆုံးထား**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံ၊ မီးအာမခံ၊ ခရီးသွားအာမခံ၊ ရေကြောင်းခရီးသွား အာမခံနှင့် သူတစ်ပါးထိခိုက်မှုအာမခံ စသည့် အာမခံငါးမျိုးကို ဝန်ဆောင်မှုပေးလျက်ရှိရာတွင် မီးအာမခံနှင့် သူတစ်ပါးထိခိုက်မှုအာမခံတို့တွင် အာမခံအများဆုံးထားလျက်ရှိကြောင်း၊ ကျန်အာမခံအမျိုးအစားများကိုထားရှိနိုင်ရေး အသိပညာပေးစည်းရုံးမှုများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီးမန်နေဂျာ ဦးတင်မောင်သန်းက ဆက်လက်ပြောကြားသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## "အပြန်အလှန် သံတမန်ခရီး နှစ်(၇၀)"

❖ မြန်မာနဲ့ တရုတ်
တရုတ်နဲ့ မြန်မာ
ရာချီနှစ်ပေါင်း ၊ သမိုင်းကြောင်းဝယ်
ပေါင်းသင်းဆက်ဆံ ၊ အပြန်အလှန်တည့်
နိုင်ငံအချင်းချင်း ၊ ပြည်သူအချင်းချင်း
ရင်းနှီးချစ်ကြည် ခဲ့ကြသည် ။

❖ **" ဝေါကျူကျန်းကျစ်ထို**
**နင်ကျူကျန်းကျစ်ဝေ**
**ကုန့်ယင်အိကျန်းရွှေ "**
**" ကျွန်ုပ်က မြစ်ညာမှာနေ**
**အဆွေက မြစ်အကြေမှာနေ**
**တစ်ရေတည်းသောက် "**
ဆွေမျိုးပေါက်ဖော် မိတ်ဆွေများ ။
အိမ်နီးနားချင်း ဆွေရင်းများ ။

❖ ရေးကနှယ်ပင် ၊ သံယောဇဉ်နှင့်
မြှင့်တင်ဆက်ဆံ ၊ နှစ်နိုင်ငံ၏
သံတမန်ခရီး ၊ ခိုင်ဖြိုးမှတ်တိုင်
နှစ် ၇၀ တိုင်ခဲ့ပြီ ။

❖ နှစ် ၇၀ တိုင် ၊ မယိမ်းယိုင်ဘဲ
ခိုင်ခိုင်မြဲမြဲ ၊ ဒို့လက်တွဲလျက်
အေးလည်းအတူ ၊ ပူလည်းအမျှ
အတူတကွစုစည်း ၊ ရှေ့ခရီးသည်
ကောင်းချီးမင်္ဂလာ ပြည့်စေသော် ။
မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ။
အစွန့်ရှည် တည်တံ့ခိုင်စေသော် ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**( မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၏ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့မှုတို့ကို ကြိုဆိုဂုဏ်ပြုလျက်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံဆွေးနွေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ၁၉ နှစ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတစ်ဦး၏ ခရီးစဉ်အဖြစ် လည်းကောင်း၊ မိမိ သမ္မတ တာဝန်ထမ်းဆောင်ချိန်တွင် ပထမဦးဆုံးအကြိမ်အဖြစ် လည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမဦးဆုံး ပြည်ပခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ရခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာလျက်ရှိသည်ကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တွန်းအားပေးလိုပြီး နှစ်နိုင်ငံ အေးအတူပူအမျှဖြစ်သည့် အသိုက်အဝန်းကို ထူထောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ၉ နှစ်တာကာလအတွင်း အတွေ့အကြုံများစွာရရှိခဲ့ပြီး အောင်မြင်မှုများရှိသလို စိန်ခေါ်မှုများလည်း ရှိနေပါကြောင်း၊ အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံတည်ငြိမ်အေးချမ်းရေးဖြစ်ပြီး ငြိမ်းချမ်းရေးသည် အဓိကအရေးကြီးပါကြောင်းနှင့် ငြိမ်းချမ်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ ကြုံတွေ့နေရသည့် အခက်အခဲများအား အစိုးရက ဥပဒေအရ ဖြေရှင်းဆောင်ရွက်မှုများအပေါ် နားလည်ထောက်ခံပါကြောင်းနှင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလည်း ထောက်ခံပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရန်နှင့် ဥပဒေနှင့်အညီဖြစ်ရန်အတွက် အစိုးရ၏ ထိန်းကျောင်းမှုသည် များစွာအရေးပါပြီး မိမိတို့နိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

> **“စီမံကိန်းများအား မြန်မာနိုင်ငံအတွက် အကျိုးရှိစေသော ဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်ပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ စိတ်ချမ်းသာမှု ရရှိကာ ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် အထောက်အကူရရှိစေနိုင်”**

**ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် အထောက်အကူရရှိစေနိုင်**

တရုတ်နိုင်ငံက ဆောင်ရွက်နေသော OBOR စီမံကိန်းများတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ၊ အရင်းနိုင်ငံဖြစ်ပြီး အဖျားနိုင်ငံ မဟုတ်သောကြောင့် ယင်းစီမံကိန်းများအား မြန်မာနိုင်ငံအတွက် အကျိုးရှိစေသော ဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်ပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ စိတ်ချမ်းသာမှုရရှိကာ ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် အထောက်အကူရရှိစေနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ကို တိုင်းရင်းသားအားလုံး နားလည်လက်ခံနိုင်ရန် လိုအပ်ပါကြောင်း၊ အဆွေတော် သမ္မတကြီးကလည်း တိုက်တွန်းအားပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်မှုများတွင် တပ်မတော်က အတတ်နိုင်ဆုံး ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖျာပုံမြို့ အမျိုးသားကျောင်း၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ပွဲတော်သို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

**ပဲခူးတိုင်းဒေသကြီး ဖျာပုံမြို့ အမျိုးသားကျောင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အထက(၁)ဖျာပုံ၏ ရာပြည့်ရင်ပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ရာပြည့်ရင်ပြင် အလှူရှင် ဒေါ်သန်းမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအင်းရှောက်တို့က ရာပြည့်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ**

ဆက်လက်၍ ကျောင်းရှိ ရာပြည့် အထိမ်းအမှတ် အောင်ရတနာ စာကြည့်တိုက်နှင့် ရာပြည့်ခန်းမတို့ကို အထက(၁)ဖျာပုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဖြူ၊ ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဝေနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖျာပုံမြို့ အမျိုးသားကျောင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ပွဲတော်ကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက “မြန်မာ့ကျောင်း” သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**လိုအပ်ချက်များ ရှိနေဆဲ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် အမျိုးသားကျောင်း စတင်ချိန်မှစ၍ ယနေ့အထိ အစဉ်အဆက် ပညာရေးအားကောင်းအောင် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးကို အထူးကျေးဇူးတင်ပါကြောင်း၊ ဝန်ကြီးဌာနတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၇၄၇၂ ကျောင်းရှိပြီး နှစ်စဉ်နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာသင်ဆောင်၊ ဆရာ ဆရာမ၊ စာသင်ခန်း၊ စာသင်ခုံ၊ ကျောင်း၊ သိပ္ပံခန်း၊ စာကြည့်တိုက်နှင့် ခန်းမ စသည့်လိုအပ်ချက်များက ရှိနေဆဲဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းလှူဒါန်းကြသည့်အတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘများကိုယ်စား ဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးစနစ် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် ပြည်သူများ၊ အလှူရှင်များ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားကျောင်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သူများနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များ ပူးပေါင်းလက်တွဲကာ ကျောင်းတော်ကြီး၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရာပြည့်ခန်းမအလှူရှင် ဒေါက်တာမောင်မောင်နှင့် စာကြည့်တိုက် အလှူရှင် ဒေါက်တာအောင်သိန်းတို့က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ အလှူရှင်များက လက်ခံရယူကြ၍ ရာပြည့်ကော်မတီဥက္ကဋ္ဌ ဦးအင်းရှောက်က ကျေးဇူးတင်စကား ပြောကြားသည်။

**ကျပ်သိန်းပေါင်း ၂၅၀ ကို လှူဒါန်း**

ယနေ့ကျင်းပသည့် အထက(၁)ဖျာပုံ၏ ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အလှူရှင်များက ရာပြည့်ရင်ပြင်အတွက် ငွေကျပ်သိန်း ၅၀၊ အောင်ရတနာ စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၅၀၀ နှင့် ရာပြည့်ခန်းမအတွက် ငွေကျပ်သိန်း ၆၀၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၁၅၀ ကို လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၀ နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်မြို့ရှိ The Empire Brunei Hotel ၌ ကျင်းပသည့် အာဆီယံခရီးသွားပြပွဲတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာရေးပြခန်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြခန်းများ၊ နိုင်ငံတကာ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများ၏ ခရီးစဉ်ရောင်းဝယ်နေမှုများကို လှည့်လည်ကြည့်ရှုသည်။**




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် (၁၉)ကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံများ၏ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် US – ASEAN Business Council (US–ABC) နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုများ၊ ဒစ်ဂျစ်တယ်နည်းပညာ အခြေခံသည့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် US–ABC မှ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်– ၂၀၂၀ ဖွင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**ဝန်ကြီးများအဆင့် အစည်းအဝေး**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက်တွင် (၂၃)ကြိမ်မြောက် အာဆီယံ ခရီးသွားလာရေး ဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်၍ (၅၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးရလဒ်များနှင့် လုပ်ငန်းအဖွဲ့သို့ တာဝန်ပေးအပ်ခြင်းများကို အတည်ပြုဆောင်ရွက်ခဲ့ပြီး ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ကြိုဆိုဧည့်ခံသည့် Cambodia Night အခမ်းအနားကို တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက်တွင် (၁၉)ကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံများ၏ ဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်ပြီး (၃၆)ကြိမ်မြောက် အာဆီယံ + ၃ အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင် အစည်းအဝေး ရလဒ်များ၊ မြန်မာနိုင်ငံမှ ဆောင်ရွက်မည့် တရုတ်၊ ဂျပန်၊ ကိုရီးယားဘာသာများဖြင့် အာဆီယံခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်စာအုပ်ထုတ်ဝေရေး အပါအဝင် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုခဲ့သည်။

**ခရီးသွားလာရေးဝန်ကြီးများ တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင့်နန်းတော်၌ ဘရူနိုင်းဘုရင်နှင့် အာဆီယံခရီးသွားလာရေးဝန်ကြီးများ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလာရေးဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် – ၂၀၂၀ ၏ အာဆီယံခရီးသွားလုပ်ငန်းဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် – ၂၀၂၀ ပိတ်ပွဲအခမ်းအနားတို့ကို တက်ရောက်ခဲ့သည်။

**ဆုများရရှိ**

အဆိုပါ ဆုပေးပွဲတွင် မြန်မာနိုင်ငံမှ ASEAN Green Hotel ဆုအတွက် Thingaha Hotel (နေပြည်တော်)၊ Hilton Hotel (နေပြည်တော်)၊ M Gallery Hotel (နေပြည်တော်)၊ Yandabo Home (မန္တလေး)နှင့် Sanctum Inle Resort (ရှမ်းပြည်နယ်) တို့က လည်းကောင်း၊ ASEAN Clean Tourist City ဆုအတွက် လွိုင်ကော်၊ ထားဝယ်နှင့် တောင်ကြီးမြို့တို့က လည်းကောင်း၊ ASEAN Sustainable Tourism ဆုအတွက် မြိတ်နှင့် မြိုင်ခရီးစဉ်ဒေသတို့က လည်းကောင်း၊ ASEAN MICE Venue ဆုအတွက် Wyndham Grand Yangon Hotel (ရန်ကုန်)နှင့် M Gallery Hotel (နေပြည်တော်)တို့က လည်းကောင်း အသီးသီးရရှိကြသည်။

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ် – ၂၀၂၁ ကို ကမ္ဘောဒီးယားနိုင်ငံမှ “ASEAN – A Community of Peace and Shared Future” ခေါင်းစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အာဆီယံ–ကိုရီးယားစင်တာမှ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုများ မြှင့်တင်ရန် ရည်ရွယ်၍ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာသင်တန်းကျောင်း တည်ဆောက်ရေးအတွက် ကိုရီးယားနိုင်ငံအစိုးရနှင့် လိုအပ်သည်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။ **သတင်းစဉ်**

## ရန်ကုန်မြို့တော်ဝန်ဆု တတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ(ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့တော်ဝန်ဆု တတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ(ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

ယနေ့ ကျင်းပသော (ဗဟိုအဆင့်)ရေးဖြေပြိုင်ပွဲသို့ မြို့နယ်အဆင့် ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များမှ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၇ ဦးအနက် ၃၇၇ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ အဆိုပါ ကျောင်းသား ကျောင်းသူများမှ အရည်အချင်းပြည့်မီသော ကျောင်းသား ကျောင်းသူများသည် ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည့် (ဗဟို အဆင့်) လူတွေ့ နှုတ်ဖြေပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆုများကို (ဗဟိုအဆင့်) ရေးဖြေနှင့် နှုတ်ဖြေပြိုင်ပွဲများမှ ရရှိသောရမှတ်များအပေါ် မူတည်၍ အတန်းတစ်တန်းလျှင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၁၀ ဆုစီ ရွေးချယ်ချီးမြှင့်မည်ဖြစ်ပြီး မြို့နယ်အဆင့်တွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကိုလည်း ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – ထိန်လင်း**





## နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)အဆောက်အဦဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၈**

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) အဆောက်အဦ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ် ရောဝဏ်လမ်း အမှတ်(၁၈၀၁/ဘီ–၁)၌ ကျင်းပသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်အသင်းနာယကများ၊ ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက အဆောက်အဦအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နတ်မောက်မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသန်းက အဆောက်အဦနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ(ငြိမ်း) ဒေါက်တာလှနိုင်က မုဒိတာစကား ပြောကြားသည်။

ထို့နောက် အဆောက်အဦအား တာဝန်ယူဆောက်လုပ်ပေးခဲ့သည့် တက်နေလဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် အမှုဆောင် ဒါရိုက်တာ ဦးသက်နောင်က အဆောက်အဦဆိုင်ရာ မှတ်တမ်းများနှင့် ဓာတ်ပုံမှတ်တမ်းအား အသင်းဥက္ကဋ္ဌ ဦးသန်းထံ လွှဲပြောင်းပေးသည်။

အဆိုပါ နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) အဆောက်အဦသည် သုံးထပ်ဆောင်ဖြစ်ပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ အပြန်အလှန်ကူညီနိုင်ရန် အသင်းအဖွဲ့အစည်းအတွက် လိုအပ်သော အဆောက်အဦဖြစ်ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)သည် ၁၉၇၄ ခုနှစ်က စတင်သန္ဓေတည်ခဲ့ပြီး ၁၉၈၈ ခုနှစ် မေလတွင် တရားဝင်ဖွဲ့စည်းခဲ့သော အသင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–အာကာစိုး**

### နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဖာပွန်ခရိုင်ကလေးစာပေပွဲတော်ဖွင့်ပွဲ တက်ရောက်

**ဖာပွန် ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖာပွန်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ဖာပွန်မြို့ အမှတ်(၄)ရပ်ကွက် အေးသုခကျောင်းဆရာတော် မဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝါရိန္ဒ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်း၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။



ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကလေးများ ငယ်ရွယ်စဉ်ကတည်းက စာဖတ်ချင်စိတ်များဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ စာဖတ်ရှိန်မြင့်မားရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဖာပွန်ခရိုင်အတွင်းရှိ အထကကျောင်းလေးကျောင်းရှိ ကျောင်းစာကြည့်တိုက်များအတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာ၊ ဆရာမများက လက်ခံရယူခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်အတွင်း ကျင်းပလျက်ရှိသည့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသားကျောင်းသူ များနှင့် ကလေးစာဖတ်ခန်းတွင် စာအုပ်ဖတ်ရှုနေသည့် ကလေးများအတွက် ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

### နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်

ကလေးစာပေပွဲတော်ကို ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်မြို့များတွင် ကျင်းပပြီးစီးခဲ့ပြီး ယခုကျင်းပသည့် ဖာပွန်ခရိုင် ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

# မြိုင်မြို့နယ်ရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ကွင်းဆင်းဆေးဝါးကုသ

**မြိုင် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Myanmar American Medical Education Society တို့ပူးပေါင်း၍ မြိုင်မြို့နယ် ကိုင်းတောမတိုက်နယ် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ဇန်နဝါရီ ၁၆ ရက် နံနက် ၇ နာရီမှစ၍ အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါအခမဲ့ ဆေးဝါးကုသရာသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဆောက်လုပ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇေယျာတို့က ဆေးဝါးကုသမှု ခံယူနေကြသည့် ပြည်သူများအား လိုက်လံနှုတ်ဆက် အားပေးကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဆေးကုသရေးအဖွဲ့မှ ဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူကြသူများအား နှုတ်ဆက်အားပေးစဉ်။

အခမဲ့ ဆေးဝါးကုသခြင်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် အမေရိကန်ရောက် မြန်မာဆရာဝန်များအဖွဲ့တို့ ပူးပေါင်းကာ မြိုင်မြို့နယ် ကိုင်းတောမတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသခြင်း၊ ဆေးဝါးများပေးအပ်ခြင်း၊ ဆေးဝါးကုသမှုခံယူရန် လာရောက်ကြသော ပြည်သူများ၊ ဒေသခံအလှူရှင်များက ထမင်းဘူးများနှင့် ရေသန့်ဘူးများ လှူဒါန်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ အကောင်းဆုံးသုတေသနစာတမ်းဆုများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ အကောင်းဆုံး သုတေသနစာတမ်းဆုများပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အကောင်းဆုံးစာတမ်းနှင့် ပိုစတာဆု ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာများကို တင်ပြ၍ ဆုရရှိသူများအား ကြေညာသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၌ အကောင်းဆုံး အခြေခံသုတေသနစာတမ်းဆုကို ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဒေါက်တာနီလာစန်း နှင့်အဖွဲ့၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသန စာတမ်းဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ သီဂီဝင်းမြတ်နှင့်အဖွဲ့၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနစာတမ်းဆုကို တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာတက္ကသိုလ်မှ ဒေါ်ဝင်းနီတာနှင့်အဖွဲ့၊ အကောင်းဆုံး ပိုစတာစာတမ်းဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာမို့မို့လှိုင်နှင့်အဖွဲ့၊ အကောင်းဆုံး လူငယ်သုတေသီအခြေခံသုတေသနစာတမ်းဆုကို ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဒေါက်တာ မြတ်ဆုလှိုင်နှင့်အဖွဲ့၊ အကောင်းဆုံး လူငယ်သုတေသီလက်တွေ့အသုံးချသုတေသနစာတမ်းဆုကို ရန်ကင်းကလေးဆေးရုံကြီးမှ ဒေါက်တာမေစန္ဒာစိုးနှင့်အဖွဲ့တို့ကရရှိကြပြီး တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

**အောင်ထွန်း**

# ဒုတိယဝန်ကြီး ဦးကျော်မျိုး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါကောလိပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၂)တွင် ဆုရရှိကြသည့် စံပြအရာရှိလောင်း(ရေကြောင်း)ဆုရ အရာရှိလောင်း မြင့်မိုရ်သွေး၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ) ဆုရအရာရှိလောင်း နေလင်း၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရအရာရှိလောင်း သွင်ကောင်းဆက်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း မြတ်သူ၊ အကောင်းဆုံးစစ်ရေးပြဆုရ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၂)မှ ဘရဏီတပ်ခွဲနှင့် အကောင်းဆုံးစစ်ရေးပြဆုရ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၄) ဘရဏီတပ်ခွဲတို့ကို ဆုများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး အရာရှိလောင်းတပ်ခွဲများက စစ်ကြောင်းပုံပြု ချီတက်အလေးပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကုန်သွယ်ရေကြောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၂)တွင် ဒီပလိုမာလက်မှတ်ရရေကြောင်းအရာရှိလောင်း ၆၃ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၆၉ ဦး စုစုပေါင်း ၁၃၂ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်အထိ ရေကြောင်းအရာရှိလောင်း ၂၇၇၉ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၇၃၄ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကျော်မျိုး သင်တန်း၌ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဇန်နဝါရီ ၁၈** – ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# မွန်မြတ်သော သွေးလှူရှင်များအတွက် သတင်းစကား

ဒေါက်တာသီတာအောင်

သွေးလိုအပ်တဲ့ လူနာတွေအတွက် ထောက်ပံ့နိုင်အောင် ကြိုးစားနေတဲ့အချိန်မှာ အမျိုးသား သွေးဌာနရဲ့ မိသားစုဝင်လိုဖြစ်တဲ့ သွေးလှူရှင်တွေရဲ့ ၂၀၁၉ ခုနှစ်အတွင်းမှာ ထောက်ပံ့ပေးသွားကြတဲ့ ရလဒ်တွေကို တင်ပြလိုပါတယ်။ သွေးလှူဘဏ်လုပ်ငန်းရဲ့ လုပ်ဆောင်မှုတွေအားလုံး မဟုတ်ပါဘူး။ ထင်သာမြင်သာတဲ့ ကိန်းဂဏန်းတချို့ကိုသာ ဖော်ပြလိုတာဖြစ်ပါတယ်။



**လှူဒါန်းမှုစုစုပေါင်း**

၂၀၁၉ ခုနှစ်မှာ သွေးလှူရှင်စုစုပေါင်း ၁၀၅၁၉၁ ဦးက လှူဒါန်းထောက်ပံ့ပေးခဲ့ပါတယ်။ ဒီအရေအတွက်ဟာ ၂၀၁၆ ခုနှစ်က လှူဒါန်းမှုဦးရေ ၆၇၀၀၀ ထက် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာတာဖြစ်တဲ့အတွက် လှူဒါန်းပေးတဲ့ သွေးလှူရှင်တွေကို အထူးကျေးဇူးတင်ပါတယ်။

**ထောက်ပံ့နိုင်သည့်သွေးယူနစ်များ**

၁၉၄၅၀၈ ယူနစ်ရှိတဲ့ သွေးနဲ့ သွေးပစ္စည်းတွေကို ရန်ကုန်မြို့ပေါ်မှ သွေးလိုအပ်တဲ့ လူနာတွေအတွက် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သွေးလှူရှင် ၁၀၅၁၉၁ ဦးထဲမှ လူနာ ၁၉၄၅၀၈ ဦးကို ထောက်ပံ့နိုင်တယ်ဆိုတာ ဘာကြောင့်ပါလဲလို့ မေးမြန်းချင်ကြပါလိမ့်မယ်။ ဒါဟာ မေးသင့်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဓိကကတော့ သွေးလှူဒါန်းမှုတစ်ခုမှ သွေးပစ္စည်းနှစ်မျိုး သို့မဟုတ် သုံးမျိုးခွဲထုတ် ပြင်ဆင်ပေးနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့လှူဒါန်းမှု တစ်ခုတည်းမှ အများဆုံး ရောဂါသုံးမျိုးရှိတဲ့ လူနာသုံးမျိုးကို ကုသမှုခံယူနိုင်အောင် ကူညီနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

**မွေးနေ့အထိမ်းအမှတ်လှူဒါန်းမှုများ**

မွေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၈ ခုနှစ်အတွင်း ၁၁၂၈ ဦး လှူဒါန်းခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ၂၅၇၁ ဦး လှူဒါန်းခဲ့တာကြောင့် မွေးနေ့မှာ လှူဒါန်းတဲ့ သွေးလှူရှင်တွေ ယခင်နှစ်ထက် နှစ်ဆပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ သွေးလှူဒါန်းမှုပြုတာဟာ မိမိတို့မွေးနေ့အထိမ်းအမှတ်ပြုလုပ်တဲ့ ဒါနများစွာအနက် မွန်မြတ်တဲ့ ဒါနပြုမှုတစ်ခုဖြစ်တာကြောင့် မိမိတို့ရဲ့ မွေးနေ့အထိမ်းအမှတ် အမှတ်တရအဖြစ် လူနာတွေအတွက် လာရောက်လှူဒါန်းပေးမှုကို များစွာအားရမိပါတယ်။ မိမိတို့ဌာနမှ မွေးနေ့ရှင်တွေရဲ့ နေ့ထူးနေ့မြတ်လှူဒါန်းမှုအတွက် မြန်ဆန်စွာဆောင်ရွက်ပေးမှုကလွဲပြီး ကျေနပ်လောက်တဲ့ တုံ့ပြန်မှု မပြုလုပ်နိုင်တဲ့အတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမယ့် မွေးနေ့ရှင်တွေရဲ့ မွန်မြတ်တဲ့ စေတနာမှာ တခြားပြည်သူတွေအတွက်လည်း ကျေနပ်ပျော်ရွှင်မှုကို ဖြစ်စေခဲ့တာမို့ ကျေနပ်မိပါတယ်။

အကယ်၍ ရန်ကုန်မြို့ပေါ်မှာရှိတဲ့ နေထိုင်သူအားလုံးဟာ မိမိတို့ရဲ့ မွေးနေ့မှာ အခုလိုမွန်မြတ်တဲ့ အလှူကို လူတိုင်းပြုလုပ်နိုင်ခဲ့ရင် နှစ်တိုင်း အနည်းဆုံးသုံးသန်းခန့် လှူဒါန်းမှုတွေနဲ့ လူနာတွေကို ထောက်ပံ့နိုင်မှာဖြစ်ပါတယ်။ တစ်နေ့မှာတော့ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မည်သို့ပင်ဖြစ်စေ အခုလှူဒါန်းနေတဲ့ မွေးနေ့ရှင်တွေကို ကောင်းမှုကုသိုလ်ပြုလုပ်နိုင်ဖို့ လမ်းပြနေသူတွေအဖြစ် လေးစားမိပါတယ်။

**Online Booking**

၂၀၁၉ ခုနှစ်မှာ Online Booking နဲ့ Appointment ယူပြီး မိမိတို့အားလပ်ချိန်မှာ သွေးလာရောက်လှူဒါန်းသူပေါင်း ၄၃၀၈ ဦးရှိတာ တွေ့ရပါတယ်။ အခုလို Appointment နဲ့ လာရောက်လှူဒါန်းသူတွေအနေနဲ့ မိမိတို့ရဲ့ များပြားတဲ့ လုပ်ငန်းတွေကနေ အချိန်ရအောင် ကြိုးစားပြီး လူနာတွေအတွက် လာရောက်ကူညီတယ်ဆိုတာ ကောင်းစွာနားလည်မိပါတယ်။ ဒါကြောင့် လှူဒါန်းဖို့ လာရောက်ရာမှာ ပိုမိုလျင်မြန်စွာနဲ့ အဆင်ပြေနိုင်ဆုံးဖြစ်အောင် ကြိုးစားကူညီပေးခဲ့တာကို သိရှိကြမယ်လို့ထင်ပါတယ်။ အခုလို လှူဒါန်းပေးတာကို ပြန်လည်ပြီး ကျေးဇူးဆပ်နိုင်ဖို့၊ လာရောက်လှူဒါန်းသူတွေ အဆင်ပြေစေဖို့အတွက် မိမိတို့ရဲ့ ဝန်ဆောင်မှုကို အတတ်နိုင်ဆုံး ကြိုးစားပေးပါမယ်လို့ ကတိပြုပါတယ်။

**ပုံမှန်ပြန်လည်လှူဒါန်းပေးကြသော သွေးလှူရှင်များ**

သွေးလှူရှင်ဦးရေ ၂၀၀၀၀ တို့ဟာ တစ်နှစ်အတွင်း နှစ်ကြိမ်ကနေ သုံးကြိမ်အထိ လှူဒါန်းမှုပြုခဲ့ကြသူတွေဖြစ်ပြီး စုစုပေါင်းထောက်ပံ့မှုရဲ့ ၅၀ ရာခိုင်နှုန်းမှာ ၎င်းတို့ရဲ့ ထောက်ပံ့မှုတွေ ဖြစ်ပါတယ်။ သင့်အနေနဲ့ အခုလို အကြိမ်ကြိမ် လှူဒါန်းသူတစ်ဦးဖြစ်ပါက အမျိုးသားသွေးဌာနက ထောက်ပံ့နေတဲ့ လူနာတွေအတွက် စွမ်းဆောင်ပေးနိုင်တဲ့ ဂုဏ်ယူဖွယ်ရာ အရေးပါတဲ့ မိသားစုဝင်တစ်ယောက်အဖြစ် ကျေနပ်စေလိုပါတယ်။ မိမိတို့ရဲ့ လှူဒါန်းမှုဟာ လူနာတွေအတွက် ကိုယ်တိုင်လှူဒါန်းမှုအဖြစ် အထောက်အပံ့ပေးသကဲ့သို့ မိမိတို့ပတ်ဝန်းကျင်ကိုလည်း မွန်မြတ်တဲ့ အလေ့အကျင့်ကို မျှဝေပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျန်တဲ့ ၅၀ ရာခိုင်နှုန်းဟာ မိမိတို့ရဲ့ ကောင်းမွန်တဲ့လုပ်ရပ်က ရရှိလာတဲ့ ရလဒ်ကောင်းတွေသာဖြစ်ပါတယ်။ ဥပမာ- မိမိတို့သားသမီးတွေ ၁၈ နှစ်ပြည့်မြောက်တဲ့နေ့မှာ သွေးလှူဒါန်းဖို့နဲ့ ကောင်းမှုပြုနိုင်ဖို့ ပံ့ပိုးပေးခဲ့ကြတဲ့ မိဘတွေကို တွေ့ကြုံခဲ့ရပါတယ်။ ၎င်းတို့ရဲ့ မြေတောင်မြှောက်မှုနဲ့ ပေါက်ဖွားလာတဲ့ သားကောင်း သမီးကောင်းတွေဟာ ၎င်းတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ရွယ်တူလူငယ်တွေကို နောက်တစ်ကြိမ် လှူဒါန်းမှုပြုချိန်မှာ ခေါ်ဆောင်လာနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါဟာ မိမိတို့ရဲ့ မွန်မြတ်တဲ့ အလေ့အကျင့်တွေ ပိုမိုကျယ်ပြန့်စွာ ကြီးထွားလာတာပဲဖြစ်ပါတယ်။

**လူငယ်များ၏လှူဒါန်းမှု**

လေးလပြည့်တဲ့အချိန်တိုင်း မှန်မှန်ပြန်လည် လှူဒါန်းမှုပြုကြတဲ့ လူငယ်လေးတွေ ပိုမိုတိုးပွားလာတာကိုလည်း သတိပြုမိပါတယ်။ တစ်ခါက လူငယ်လေးတစ်ဦးဟာ “တက္ကသိုလ်မှာ ကျောင်းတက်တဲ့ လွန်ခဲ့တဲ့ နှစ်နှစ်မှစပြီး သွေးစတင်လှူဒါန်းခဲ့ပါတယ်။ အဲဒီထဲက လေးလပြည့်တိုင်း သွေးလှူဖြစ်ခဲ့ပါတယ်။ ပထမဆုံးအကြိမ် သွေးဖောက်ပေးတဲ့ သူနာပြုလေးကို မှတ်မိနေပါတယ်။ နောက်တစ်ကြိမ် လှူဒါန်းတဲ့အခါ အဲဒီသူနာပြုလေးက သွေးဖောက်ခန်းထဲမှာ မိမိအမည်ကို ခေါ်လိုက်တော့ ပျော်ရွှင်သလို ခံစားလိုက်ရပါတယ်။ တကယ်တော့ သူနာပြုလေးက မှတ်မိမှာ မဟုတ်ပေမယ့် သူတို့လေးတွေ ကျန်းမာစွာနဲ့ သွေးလှူဘဏ်မှာ ဆက်လက်တာဝန်ထမ်းဆောင်နေတာကိုတွေ့ရတာ ဝမ်းသာမိတာပါ” လို့ ပြောသွားတာကို ကြားရတာ အလွန်ကြည်နူးမိပါတယ်။

အမျိုးသားသွေးဌာနမှာရှိတဲ့ သူနာပြုတွေဟာ သွေးလှူရှင်တိုင်း လှူဒါန်းနိုင်ဖို့ကူညီရတာဖြစ်လို့ သူနာပြုတစ်ယောက်ဟာ တစ်နှစ်လုံးမှာ သွေးလှူရှင် ၂၀၀၀၀ ခန့်ကို သွေးဖောက်ပေးရပါတယ်။ သူတို့အနေနဲ့ သွေးလှူရှင်အားလုံးကို ပြန်မမှတ်မိနိုင်ပေမယ့်လည်း သူတို့ရဲ့ ကျွမ်းကျင်မှုဟာ တခြားနိုင်ငံတွေက သွေးဖောက်သူတွေထက် ပိုမိုကျွမ်းကျင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွမ်းကျင်တဲ့ သူနာပြုတွေအတွက် ဂုဏ်ယူမိပါတယ်။ တစ်ခါတလေ အလုပ်ပင်ပန်းကြတဲ့အတွက် လူမှုဆက်ဆံရေးမှာ အဆင်မပြေဖြစ်တတ်တာကို ဝန်ခံပါတယ်။

သွေးလှူရှင် ၄၈၇၅၅ ဦးဟာ အသက် ၃၀ အောက် သွေးလှူ ရှင်တွေဖြစ်ပါတယ်။ ဒါဟာ မိမိတို့ရဲ့ မျိုးဆက်သစ် လူငယ်လေးတွေမှာ မဆိုးသွမ်းတာကို ပြသနေတာဖြစ်ပါတယ်။ သူတို့လေးတွေကြောင့် အနာဂတ်မှာ လူနာတွေအတွက် စဉ်ဆက်မပြတ်အဆင်ပြေစွာ ထောက်ပံ့နိုင်မယ်လို့ ယူဆမိပါတယ်။ သူတို့လေးတွေရဲ့ ပြဿနာတစ်ခုကတော့ ကိုယ်အလေးချိန်ပေါင် ၁၁၀ ရှိမှ လှူဒါန်းခွင့်ပြုတာဖြစ်လို့ လူငယ်တွေအားလုံးကို လှူဒါန်းခွင့်မပြုနိုင်ခဲ့ပါဘူး။ ဒါကြောင့် အစားအသောက်တွေ ဂရုစိုက်ပြီး ပိုမိုစားသုံးကြဖို့ တိုက်တွန်းလိုပါတယ်။

ငယ်ရွယ်တဲ့ လူငယ်တွေရဲ့ ထောက်ပံ့မှုအပြင် ရင့်ကျက်တဲ့ လူကြီးတွေရဲ့ လှူဒါန်းမှုကိုလည်း လျှော့တွက်လို့မရပါဘူး။ အသက် ၅၀ ကျော် သွေးလှူရှင်စုစုပေါင်း ၂၆၂၃ ဦး ရှိပါတယ်။ သူတို့ဟာ အခုချိန်ထိ ဆက်လက်လှူဒါန်းနေဆဲပါ။ အသက် ၆၅ နှစ်ကျော်ရင်တော့ အမှန်တကယ် စဉ်ဆက်မပြတ် လှူဒါန်းခဲ့တဲ့ သွေးလှူရှင်ဖြစ်ပါက လှူဒါန်းခွင့်ပြုပါတယ်။ ၂၀၁၉ ခုနှစ်မှာ အသက်အကြီးဆုံး လှူဒါန်းခဲ့သူဟာ ၇၂ နှစ်ရှိတဲ့ (၁၅၁) ကြိမ်မြောက် သွေးလှူရှင်ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် ကောင်းမှုပြုဖို့ အချိန်များစွာ ကျန်ရှိနေသေးကြောင်း အားပေးလိုပါတယ်။ မှန်မှန်သွေးလှူဒါန်းနိုင်ဖို့ ကြိုးစားပေးကြပါလို့တိုက်တွန်း လိုက်ပါတယ်။

အခုဖော်ပြပါ ကိန်းဂဏန်းထဲမှ တချို့ဟာ လွန်စွာ ဂုဏ်ယူသင့်တဲ့ အရေအတွက်ဖြစ်ပါတယ်။ ဒါကြောင့် လူနာတွေကိုယ်စား အမှန်တကယ် လေးစားကျေးဇူးတင်ပါကြောင်းနဲ့ ၂၀၂၀ ပြည့်နှစ်မှာလည်း ဆက်လက်ကူညီပံ့ပိုးပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ။

“သွေးလှူရှင်ဦးရေ ၂၀၀၀၀ တို့ဟာ တစ်နှစ်အတွင်း နှစ်ကြိမ်ကနေသုံးကြိမ်အထိ လှူဒါန်းမှုပြုခဲ့ကြသူတွေဖြစ်ပြီး စုစုပေါင်းထောက်ပံ့မှုရဲ့ ၅၀ ရာခိုင်နှုန်းမှာ ၎င်းတို့ရဲ့ ထောက်ပံ့မှုတွေ ဖြစ်ပါတယ်။ သင့်အနေနဲ့ အခုလို အကြိမ်ကြိမ် လှူဒါန်းသူတစ်ဦးဖြစ်ပါက အမျိုးသားသွေးဌာနက ထောက်ပံ့နေတဲ့ လူနာတွေအတွက် စွမ်းဆောင်ပေးနိုင်တဲ့ ဂုဏ်ယူဖွယ်ရာ အရေးပါသော မိသားစုဝင်တစ်ယောက်အဖြစ် ကျေနပ်စေလိုပါတယ်။ မိမိတို့ရဲ့ လှူဒါန်းမှုဟာ လူနာတွေအတွက် ကိုယ်တိုင်လှူဒါန်းမှုအဖြစ် အထောက်အပံ့ပေးသကဲ့သို့ မိမိတို့ပတ်ဝန်းကျင်ကိုလည်း မွန်မြတ်တဲ့ အလေ့အကျင့်ကို မျှဝေပေးနိုင်ခဲ့ပါတယ်”

## မြစ်ကြီးနား၌ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကို ယမန်နေ့က မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာ ခန်းမ၌ ကျင်းပသည်။



ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားအရေးဆိုင်ရာဥက္ကဋ္ဌ ဦးဆွမ်ဒူနော်နှင့် တာဝန်ရှိသူတို့က တိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူများသိသင့်သိထိုက်သည်များ၊ လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ကိုယ်ဝန်ဆောင်စဉ်မှ ၈၅ နှစ်အထက် အသက်ကြီးဘိုးဘွားများအား ထောက်ပံ့ပေးမှုများ၊ ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာကိစ္စရပ်များနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်ခြင်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်ခြင်း၊ စစ်တမ်းမေးခွန်းများရှင်းလင်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့သည်။

ယော်ဆောင်(ပြန်/ဆက်)

# မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့သည် ဇုန်အမှတ် (၁) တွင် မြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှု၊ ရေတိုက်စားမှုကို ထိန်းချုပ်ရန်အတွက် Matt Installtion များ ဆောင်ရွက်နေမှု၊ Ground Anchor များ Installation ဆောင်ရွက်ပြီး မြက်စိုက်ရန် ပြင်ဆင်ထားမှုများကိုလည်းကောင်း၊ ဇုန်အမှတ် (၂) တွင် Ground Beam နှင့် Erossion Control Matt Installation များ ဆောင်ရွက်ထားရှိမှု၊ Soil Nail များအတွက် Drilling & Grouting ဆောင်ရွက်မှုနှင့် မြက်စိုက်ရန် ပြင်ထားမှုများကို လည်းကောင်း၊ ဇုန်အမှတ် (၃) တွင် Topographic Survey ဆောင်ရွက်ပြီး Site Cleaning & Grubbing ဆောင်ရွက်မှုကိုလည်းကောင်း၊ တည်ဆောက်ရေး ဇုန်အမှတ် (၄)တွင် ဆိုက်ရှင်းလင်းရေးဆောင်ရွက်ပြီး Lower Ground Beam ၊ Grib Beam၊ သံချောင်းတပ်ဆင်မှုနှင့် Ero-ssion Control Matt Installation များ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘုရားရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အဦများနှင့် ဘုရားရင်ပြင် တည်ငြိမ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘုရားအနောက်ဘက်မုခ်တွင် ကားလမ်းတိုးချဲ့ပါက ဩဝါဒါစရိယဆရာတော်များထံမှ လမ်းညွှန်မှုခံယူရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ မိုးမကျမီ အပြီးဆောင်ရွက်သွားရန် မှာကြားသည်။

သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အပိုင်း လေးပိုင်းခွဲ၍ ဆောင်ရွက်နေရာ ဇုန်အမှတ် (၁) တွင် ၉၅ ရာခိုင်နှုန်း၊ ဇုန်အမှတ် (၂) တွင် ၈၂ ရာခိုင်နှုန်း၊ ဇုန်အမှတ် (၃) တွင် ၁၅ ရာခိုင်နှုန်းနှင့် ဇုန်အမှတ် (၄) တွင် ၂၆ ရာခိုင်နှုန်းပြီးစီးနေပြီး တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဘုရားရင်ပြင်မဏ္ဍပ်၌ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဘုရားဂေါပကနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုမ္ပဏီမှတင်ပြသော လုပ်ငန်းအခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး မြေထိန်းနံရံများ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၈ နာရီခွဲမှစတင်၍ ဘွဲ့နှင်းသဘင် ပထမနေ့ ကျင်းပသည်။

အခမ်းအနားသို့ ဘွဲ့ယူမောင်မယ်များနှင့် မိဘဆွေမျိုးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။




သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

ပါမောက္ခချုပ်ဒေါက်တာမိုမိုရီက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်၍ ဤတက္ကသိုလ်၏ အထူးပြုဌာန ငါးခုမှ Bachelor ဘွဲ့များကို လည်းကောင်း၊ သမဝါယမပညာဌာနမှ ပထမဦးဆုံးမဟာဘွဲ့ MSEM နှင့် ဘွဲ့လွန်ဒီပလိုမာ PGDSEM၊ ဝါဏိဇ္ဇဗေဒဌာနနှင့် စျေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာဌာနတို့မှ ဘွဲ့လွန်ဒီပလိုမာများဖြစ်သော PGDAF နှင့် PGDMM တို့ကို စတင်အပ်နှင်းခဲ့ကြောင်း၊ ယခုနှစ်အတွက် ဝါဏိဇ္ဇဗေဒဌာန၊ စာရင်းအင်းပညာဌာနနှင့် သမဝါယမပညာဌာနတို့မှ မဟာဘွဲ့အသီးသီးကို လည်းကောင်း၊ ဘွဲ့လွန်ဒီပလိုမာများနှင့် HRD ဌာနမှ ကြီးမှူးဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာ Dip.DS ကိုလည်းကောင်း စတင်အပ်နှင်းနိုင်ခဲ့ကြောင်း၊ သမဝါယမတက္ကသိုလ်မှ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖြည့်တင်းပေးနိုင်ရန် မျိုးဆက်သစ်စီးပွားရေးပညာတတ်များ၊ ယနေ့ခေတ်ကာလတွင် ပေါ်ပေါက်လာသော ICT ဘာသာရပ်ကို ထပ်မံထည့်သွင်း ပေါင်းစည်းထားသည့် ပညာရပ်အသစ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် လူမှုရေးစိတ်ဓာတ်အခြေပြု ပူးပေါင်းဆောင်ရွက်တတ်သည့် စီးပွားရေးသဘောတရားများပါဝင်သော ပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ဘွဲ့ယူမောင်မယ်များအနေဖြင့် ပညာခေတ်ရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားရင်း ဆန်းသစ်တီထွင်မှုများကိုလည်း ဖော်ထုတ်သွားကြရန်၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း မိမိကိုယ်တိုင် လေ့လာဆည်းပူးရင်း လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသည့် ထူးချွန်ထက်မြက်သော လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ပထမနေ့ ပထမပိုင်းအနေဖြင့် MAF ၂၀ နှင့် B.BSc(AF) ၂၂၅ ဦး၊ ဒုတိယပိုင်းအနေဖြင့် PGDMM တစ်ဦး၊ B.BSc(MM) ၁၉၁ ဦး၊ MSEM ၁၆ ဦး၊ PGDSEM တစ်ဦး၊ B.BSc(SEM) ၁၁၉ ဦးတို့အား သက်ဆိုင်ရာဘွဲ့အသီးသီး အပ်နှင်းခဲ့ပြီး ဒုတိယနေ့ ဇန်နဝါရီလ ၁၉ ရက်တွင် MAS ကိုးဦး၊ PGDAS နှစ်ဦး၊ B.BSc(AS) ၁၉၄ ဦး၊ B.BSc(RD) ၁၃၉ ဦး၊ B.BSc ၃၁ ဦးနှင့် Dip.DS ၂၉ ဦးတို့ကို ဘွဲ့ဆက်လက်အပ်နှင်းသွား မည်ဖြစ်ကာ စုစုပေါင်းဘွဲ့ရရှိသူ ၁၀၀၇ ဦးအနက်မှ တက်ရောက်ဘွဲ့ယူသူ ၉၇၇ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၃၀ ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေး၌ ထန်းမျှော်စင်များဖြင့် ပြည်တွင်းခရီးသွားများအား ဆွဲဆောင်

**ညောင်ဦး ဇန်နဝါရီ ၁၈**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သည့် ပြည်တွင်း ဘုရားဖူးခရီးသွားများအား ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းမကြီးဘေး ထန်းတောများတွင် ဆောက်လုပ်ထားသည့် ထန်းမျှော်စင် (ထန်းလင့်စင်) များကို စိတ်ဝင်စားမှု မြင့်တက်လာနေကြောင်း ဝိုင်းထန်းလျက်မျိုးစုံ ရောင်းချရေးဆိုင်ပိုင်ရှင် ဦးဗညားထံမှ သိရသည်။

ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ထန်းတဲဆိုင်များမှာ ယခင်က တဲအသေးစားလေးများဖြင့် ဆောက်လုပ်ရောင်းချခဲ့ရာမှ တဖြည်းဖြည်း တဲအကြီးများဆောက်လာပြီး ထန်းရွက်များမိုးကာ နားနားနေနေ နေထိုင်နိုင်သည့် ထန်းတဲအဆောက်အအုံကျယ်များ ဆောက်လုပ်လာခြင်း၊ ပြည်တွင်း ဧည့်သည်များသာမက ပြည်ပဧည့်သည်များပါ စိတ်ဝင်စားလာစေရန် ယာခင်းစပ်၊ ထန်းတောတန်းများရှိ ထန်းပင်များပေါ်တွင် ထန်းမျှော်စင်(ထန်းလင့်စင်)များ ဆောက်လုပ်လာခဲ့ကြောင်း ဆက်လက်ပြောသည်။

ထိုထန်းတဲများတွင် စျေးကွက်အရ ဝန်ဆောင်မှုအဖြစ် ထန်းပင်ထွက်ပစ္စည်းများရောင်းချခြင်း၊ အညာဒေသ ထန်းတောင်သူတို့၏ လုပ်ငန်းဖြစ်သည့် ထန်းပင်တက်၊ ထန်းလှီးပြသပေးခြင်း၊ နွားဖြင့် ဆီဆုံလှည့် ဆီကြိတ်ပြသပေးခြင်း၊ ထန်းလျက်ချက်လုပ်ပုံ အဆင့်ဆင့်၊ ထန်းပင်မှ ထန်းရည်(ရေ)ချို ချလာပြီး ထန်းဆွဲမြူအိုးထဲမှ ဆိုင်းထမ်းပုံးထဲ ထည့်ချိန် ထန်းဆစ်ကြောဖြင့်အမှိုက်စစ်ပုံ၊ ထန်းလျက်ချက်ဖိုပေါ်ရှိ မိုးပြဲဒယ်ထဲ ထည့်ပုံနှင့် ထန်းရေချို ထန်းလျက်ချက်နေချိန် မီးထိုးနေပုံမှအစ ထန်းလျက်ချက်ပြီး ထန်းလျက်လုံးပြီးသည် အထိပြသခြင်းများ၊ ထန်းလက်ကုလားထိုင်၊ ထန်းလက်စားပွဲများ ပြသပေးနိုင်ရန်အထိ ပြင်ဆင်ထားရှိကြကာ ပြည်တွင်းခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပြုလုပ်လာကြကြောင်း ဦးဗညားက ပြောသည်။

ပုဂံ - ညောင်ဦး - ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ထန်းတော၊ ထန်းတဲ၊ ထန်းလျက်ချက်ဖို၊ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်ဖြင့် အရက်ချက်လုပ်ပုံများကို လာရောက်ကြည့်ရှုကြသည့် ပြည်ပနိုင်ငံသားများ စိတ်ဝင်စားကြကြောင်းသိရပြီး ပြည်တွင်း ဘုရားဖူးဧည့်သည်များသည် ထန်းလင့်စင်ခေါ် ထန်းမျှော်စင်ပေါ်တွင် အလှဓာတ်ပုံရိုက်ကြခြင်း၊ ထန်းတဲများမှ ရောင်းချသည့် အစားအစာများ မှာယူစားကြခြင်းနှင့် ထန်းရည်ခါး၊ ထန်းရည်ချိုသောက်ခြင်းများဖြင့် ထန်းမျှော်စင် (ထန်းလင့်စင်) များ ဆောက်လုပ်ကာ ပြည်တွင်းခရီးသွားများအား ဆွဲဆောင်ဆောက်လုပ်လာကြကြောင်း သိရသည်။

ထန်းလျက်ဖြင့်ရောကာ ချက်လုပ်ထားသည့် အုန်းထန်းလျက်၊ ဆီးထန်းလျက်၊ နှမ်းထန်းလျက်(နှမ်းယို)၊ မြေပဲထန်းလျက် (မြေပဲယို)၊ ချင်းထန်းလျက်တို့ပြုလုပ်ကြပြီး ပြည်ပနိုင်ငံသားများ ချင်းထန်းလျက်အကြိုက်ဆုံးနှင့် အခါကြီးရက်ကြီး ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များနှင့် ပုဂံသမိုင်းဝင်ဘုရားကြီးပွဲတော်များတွင် အုန်းထန်းလျက်ကို ပြည်တွင်းခရီးသွားများ ဝယ်ယူ မှုများပြားကာ တစ်ရက်လျှင် အုန်းသီးလုံးရေ ၇၀၀ ကျော်ကုန်သည်အထိ အုန်းထန်းလျက် ရောင်းချရကြောင်း ပိုင်ထန်းတဲပိုင်ရှင်ထံမှ သိရသည်။ ယခုအခါ ထန်းတောင်သူများ ပြည်တွင်းဘုရားဖူးများအား ဆွဲဆောင်နိုင်မည့် ထန်းမျှော်စင်(ထန်းလင့်စင်)များ ဖန်တီးတည်ဆောက်ကာ ထန်းထွက်ပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



ထန်းတောင်သူတစ်ဦး ဆောက်လုပ်ထားသည့် ထန်းမျှော်စင် (ထန်းလင့်စင်) တစ်ခုကို တွေ့ရစဉ်။

## ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဝိဇ္ဇာတန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**တောင်ကြီး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါဠိနှင့် ဗုဒ္ဓစာပေဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma) နှင့် မဟာဝိဇ္ဇာ (MA) တန်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၁ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပါရဂူတန်းများအတွက် နေရာပြည့်သွားပြီဖြစ်ပြီး ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ပါရဂူတန်း ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း မပြုတော့ဟုလည်း ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်က ကြေညာထားကြောင်း သိရသည်။ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဝိဇ္ဇာတန်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ဝင်ခွင့်အတွက် လိုအပ်သည့် အထောက်အထားနှင့် သင်တန်းဆိုင်ရာ အချက်အလက် အပြည့်အစုံကို ssbuadmissionoffice@gmail.com သို့မဟုတ် ဖုန်း ၀၉-၇၈၄၅၈၉၆၅၅၊ ၀၉-၈၉၈၄၀၈၉၉၀၊ ၀၉ -၂၅၃၆၇၀၈၀၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်က ကြေညာထားသည်။

**နန်း-တောင်ကြီး**

---

◆ *ကျောဖုံးမှ*

ဆိုင်ခန်းရှင်တွေရဲ့ပစ္စည်းတွေ မပျောက်အောင်လည်း လုပ်ဆောင်နေပါတယ်" ဟုတိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ပြောသည်။

ထို့ပြင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက "မီးလောင်တဲ့ အနေအထားက ပထမထပ်တစ်ခုလုံး လောင်သွားပါတယ်။ ကျန်တဲ့အထပ်တွေမှာ မီးလောင်ခြင်းမရှိပါဘူး။ ရှင်းလင်းရေးကော်မတီဖွဲ့စည်းပြီး အရေးကြီးတဲ့ပစ္စည်းတွေ သယ်ယူနိုင်အောင် ဆောင်ရွက်နေပါတယ်။ လုံခြုံရေးအနေနဲ့ မနေ့ညကတည်းက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ လူမှုရေးအဖွဲ့အစည်းတွေပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဆောက်အဦကြီးကို အားလုံးရှင်းလင်းပြီးတဲ့အထိ ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

လက်ရှိတွင် ရတနာပုံဈေးရှိ ဆိုင်ခန်းရှင်များအနက် ရတနာမောလ်ရှိ ဆိုင်ခန်းရှင်များ၏ ပစ္စည်းများကို ယနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအတွင်း သယ်ယူခွင့်ပြုခဲ့ပြီး ကျန်ဈေးသူ၊ ဈေးသားများ၏ ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ပြုခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ကျွန်တော်တို့ရတနာမောလ်မှာ ဖွင့်လှစ်တဲ့ဆိုင်ခန်းရှင်တွေရဲ့ ပစ္စည်းတွေကို ဒီနေ့မှာ သယ်ယူခွင့်ပေးခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုမရှိတဲ့ ပစ္စည်းတွေကို သယ်ယူနိုင်ခဲ့ပါတယ်။ အခုလို သယ်ယူခွင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု မန္တလေးရတနာမောလ်မှ ဟိန်းလေးကျောက်မျက် ရတနာအရောင်းဆိုင်ပိုင်ရှင် ကိုဟိန်းလေးက ပြောသည်။

ရတနာပုံဈေး မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကူညီပေးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးစိုးလှိုင်ဝင်းကလည်း "မီးလောင်မှုမှာ ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အား ၁၂၀၊ လူနာတင်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးနဲ့ ပါဝင်ကူညီခဲ့ပြီး အထဲမှာပိတ်မိနေတဲ့ လူအယောက် ၂၀ ကို ခက်ခက်ခဲခဲကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြုတ်ကျဒဏ်ရာရတဲ့ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးကို ဆေးရုံကြီးကို ပို့ဆောင်ပေးခဲ့သလို မီးခိုးငွေ့မွန်လို့ မူးမော်ခဲ့သူတွေနဲ့ သံပြားရှသူတွေကို ရှေးဦးသူနာပြုစုနည်းနဲ့ ပြုစုပေးခဲ့ပါတယ်"ဟု ပြောသည်။

ရတနာပုံဈေး(Sky Walk) မီးလောင်မှုတွင် စုစုပေါင်း မီးသတ်ယာဉ် ၁၉၄ စီး၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ အသက်ရှူကိရိယာ အလုံး ၅၀၊ မီးခိုးမှုတ်စက် ခြောက်လုံး၊ Engine Cutter ၁၀ လုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ် ၁၀ စီး၊ မြေတူးစက် လေးစီးတို့ဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုအကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စိစစ်စုံစမ်းနေကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




မီးလောင်မှုဖြစ်ပွားခဲ့သည့် ရတနာပုံဈေး။

## AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်မြင်ခဲ့သောကြောင့် AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အာဆီယံဒေသတွင်းမှ ထိုင်းနှင့် မလေးရှားကလပ်တစ်သင်းစီသာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရပြီး ကျန်နိုင်ငံများမှ ကလပ်အသင်းများမှာ အကြိုခြေစစ်ပွဲများမှ စတင်ကစားရခြင်းဖြစ်သည်။ အမှတ်ပေးချန်ပီယံအသင်းများကို AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်မှ ပြန်လည်ယှဉ်ပြိုင်ခွင့်ပြုထားပြီး ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (H) ၌ ပါဝင်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့် ကျရောက်နေပြီး တီမောကလပ် လာလီနေ့ခ်ယူနိုက်တက် (တီမော)၊ မာကာဆာ (အင်ဒိုနီးရှား) တို့ပွဲမှ အနိုင်ရသည့်အသင်းမှာ ကျရောက်လာမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် သုံးကြိမ်ဆက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ နှင့် ၂၀၁၉ ရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည့် အစဉ်အလာဆိုးများကို ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းကိုသာ အသုံးပြုမည်ဖြစ်ပြီး အဖွင့်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် အိမ်ကွင်း စတင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ခြေစစ်ပွဲအောင်အသင်းနှင့် အဝေးကွင်း၊ မတ် ၁၀ ရက်တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အဝေးကွင်း၊ ဧပြီ ၁၅ ရက်တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အိမ်ကွင်း၊ ဧပြီ ၂၈ ရက်တွင် ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် အဝေးကွင်း၊ မေ ၁၂ ရက်တွင် ခြေစစ်ပွဲအောင်အသင်းနှင့် အိမ်ကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၁၄ ရက်က ကစားသည့် ၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အရှုံးနိမ့်ပြီး နောက်တစ်ဆင့်တက်ရောက်ခွင့် ဆုံးရှုံးခဲ့သည်။ **ညီမြတ်သော်တာ**

## ယူ-၂၂ တိုက်စစ်မှူး အောင်ကောင်းမာန် တစ်လ လစာငွေ ဘတ်တစ်သိန်းဖြင့် ထိုင်းကလပ်သို့ ပြောင်းရွှေ့

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရွှေဝတီအသင်း၏ မြန်မာ ယူ-၂၂ အသင်း တိုက်စစ်မှူး အောင်ကောင်းမာန်သည် တစ်လ လစာငွေ ဘတ်တစ်သိန်းဖြင့် ထိုင်းလိဂ်-၁ ကလပ် Trat အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

အောင်ကောင်းမာန်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သည့် မြန်မာ ယူ-၂၂ အသင်းနှင့်အတူ ခြေစွမ်းပြခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ဇန်နဝါရီ ၁၇ ရက်တွင် ထိုင်းကလပ် Trat အသင်းနှင့် နောက်ဆုံးအဆင့်ဆွေးနွေးကာ တစ်ရာသီ အငှားစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ရွှေဝတီအသင်းသည် အောင်ကောင်းမာန်၏ အငှားပြောင်းရွှေ့ကြေးအဖြစ် ဘတ်သုံးသိန်းရရှိမည်ဖြစ်ပြီး အောင်ကောင်းမာန်မှာမူ လစာအပြင် အိမ်ငှားရန်နှင့် ကားငှားရန်အတွက်ပါ ဘတ် ၁၀၀၀၀ ရရှိမည်ဖြစ်သည်။ အောင်ကောင်းမာန်သည် လက်ကျိုးဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီးနောက်ပိုင်း ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်း၏ အဓိကကစားသမားဖြစ်လာသလို ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ အောင်ကောင်းမာန်သည် ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက ပြည်ပကလပ်အသင်းများတွင် ကစားရန်ကြိုးပမ်းခဲ့သော်လည်း Trat အသင်းနှင့်မှ အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။




**ညီမြတ်သော်တာ**
ဓာတ်ပုံ-Trat FC

## ပရီမီယာလိဂ် ပွဲစဉ် (၂၃) ဝက်ဖို့ဒ်နှင့် စပါး၊ မန်စီးတီးနှင့် ပဲလေ့စ် အနိုင်အရှုံးမပေါ်

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်(၂၃) ဇန်နဝါရီ ၁၈ ရက် အစောဆုံးပွဲစဉ်အဖြစ် ဝက်ဖို့ဒ်နှင့် စပါးတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။

တန်းဆင်းဇုန်အထက်တွင် ရုန်းကန်နေရသည့် ဝက်ဖို့ဒ်နှင့် ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဝင်ခွင့်ရရေး အမှတ်လိုနေသည့် စပါးအသင်းတို့ တွေ့ဆုံသည့်ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်များဖြင့် ပွဲထွက်ခဲ့ပြီးအကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သော်လည်း ဂိုးမရရှိခဲ့ဘဲ အိမ်ရှင် ဝက်ဖို့ဒ်အသင်းသည် ဒုတိယပိုင်း မိနစ် ၇၀ တွင် ပယ်နယ်တီအခွင့် အရေးရရှိခဲ့ရာ တိုက်စစ်မှူး ဒီနေး ကန်သွင်းသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ယင်းပွဲတွင် ဧည့်သည် စပါးသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၇ ကြိမ်ထိရရှိကာ ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်အသင်းသည် ၁၅ ကြိမ် ကန်သွင်းခွင့်ရရှိခဲ့ပြီး နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပွဲစဉ်(၂၃) ယှဉ်ပြိုင်အပြီး စပါးသည် ရမှတ် ၃၁ မှတ်ရရှိထားကာ နည်းပြသစ် မော်ရင်ဟိုလက်ထက် ပရီမီယာလိဂ်လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ဝက်ဖို့ဒ်သည် ရမှတ် ၂၃ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေသည်။

အခြားပွဲစဉ်ရလဒ်များမှာ လက်ရှိချန်ပီယံ မန်စီးတီးသည် ပဲလေ့စ်ကို နှစ်ဂိုးစီ သရေကျခဲ့ပြီး အာဆင်နယ်နှင့် ရှက်ဖီးလ်ယူနိုက်တက်၊ ဝက်စ်ဟမ်းနှင့် အဲဗာတန်တို့ပွဲမှာလည်း တစ်ဂိုးစီသရေကျခဲ့သည်။ နေ့ဝှစ်ချ်က ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝုဖ်လ်က ဆောက်သမ်တန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သီဟ**

---

❒ *ကျောဖုံးမှ*

ဟံသာဝတီအသင်းသည် အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို တစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်ပေးပွဲ ၃၅ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့်မှတ်တမ်းမှာ ၃၆ ပွဲမြောက်တွင် ရပ်တန့်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအရှုံးကြောင့် လာမည့်ပွဲများတွင် ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

**ပထမပိုင်းတွင် အရေးနိမ့်**

ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် လူစုံနီးပါးပါဝင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း ဒေးဗစ်ဒန်းနှင့် ငြိမ်းချမ်းတို့မှလွဲ၍ လူစုံပါဝင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက မထင်မှတ်ဘဲ ဦးဆောင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ကိသ်မာတူနာက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် ကစားပုံတည်ငြိမ်လာပြီး ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် အဓိကတိုက်စစ်မှူးနှစ်ဦးဖြစ်သည့် ဒိုနယ်နှင့် အီမီကာတို့ ပုံမှန်ခြေမရသောကြောင့် ပထမပိုင်းတွင် အရေးနိမ့်နေသည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာသလို နိုင်ငံခြားသားတိုက်စစ်မှူးနှစ်ဦးလည်း ပုံမှန်ခြေရလာသောကြောင့် ရှမ်းယူနိုက်တက်အသင်းဘက်သို့ ပိုဖိကစားနိုင်ခဲ့သည်။ ၆၅ မိနစ်တွင် ဟံသာဝတီအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဒိုနယ်က အမှားအယွင်းမရှိ ကန်သွင်းခဲ့၍ ချေပဂိုးပြန်ရခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၈၆ မိနစ်တွင် ဒိုနယ်ကပင် အနိုင်ဂိုးသွင်းယူခဲ့သည်။

**အခြားပွဲစဉ်ရလဒ်များ**

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ရတနာပုံအသင်းသည် ၁၈ မိနစ်တွင် အောင်သူသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၃၈ မိနစ်တွင် ဇော်လင်းထက်က စစ်ကိုင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးကို ၂၁ မိနစ်တွင် ကောင်းမြတ်ကျော်က သွင်းယူခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း၌ နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်း၊ ပုသိမ်ကွင်း၌ ရွှေဝတီအသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၇:၄၀ – လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ဦးခိုက်ဖူးမြော် ကော့သောင်းမြို့မှ ပြည်တော်အေးစေတီတော်"
၈:၄၀ – တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့ စွန့်စားခန်း" (အပိုင်း– ၃၉)
၉:၃၅ – MRTV Travelogue
၁၀:၀၀ – Sunday Talk
၁၀:၃၀ – "မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ"
၁၁:၂၅ – မှတ်မှတ်သားသားပုံပြင်များ "ကိုယ်ကျင့်တရား"
၁၃:၀၀ – မြန်မာဂန္ထဝင်ရုပ်ရှင် "ခြေဖဝါးတော်နုနု" ဇော်လွင်၊ စမ်းစမ်းအေး ဒါရိုက်တာ– မောင်ဝဏ္ဏ

**ညပိုင်း**

၁၅:၁၅ – MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဖွဲ့ကပင်ယူနိုက်တက် FC အသင်းနှင့် ရန်ကုန်ယူနိုက်တက် FC အသင်း)
၁၇:၄၅ – "ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်"
၁၈:၂၅ – "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု" (အပိုင်း–၁) (အနော်ရထာမင်း)
၁၈:၄၀ – သူတို့ဒေသ သူတို့ဘဝ "ရှိမ်းမကား...တောရကြီးကျောင်းသို့"
၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း–၂၃) (၂)
၁၉:၄၅ – "စကားပြောတတ်သော နိုင်ငံတော်၏ ရှေးဟောင်းရတနာများ"
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ – "ဘဝနှင့်အနုပညာ" (ဖြတ်သန်းလာသမျှ အနုပညာဘဝ) (ယဉ်ကျေးမှုမန္တလာ ရတနာပုံအစနှင့် မန်းသားမန်းစကား)
– "မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (ပထမခေတ်) "မော်လမြိုင် မစိန်သုံးအငြိမ့်"




## ဇမ္ဗူသီရိတွင် တိုယိုတာယာဉ်က ဆိုင်ကယ်ကိုတိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သာယာကုန်းရပ်ကွက်အနီး ရွှေလာဘ်ကောင် စားသောက်ဆိုင်ရှေ့၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က တိုယိုတာယာဉ်က ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

ရောဝတီလမ်းအတိုင်း သပြေကုန်းဘက်မှ ရွှေကြာပင်ရပ်ကွက်ဘက်သို့ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်နေ ရွှေရည်ဝင်း (၂၄ နှစ်) မောင်းနှင်လာသော 5N/---- တိုယိုတာဗီရော့စ်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်နေ ဦးသန်းနိုင် (၅၇ နှစ်) မောင်းနှင်လာသောဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးသန်းနိုင်တွင် ဒဏ်ရာများရရှိသဖြင့် နေပြည်တော် ခတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သောကြောင့် ရွှေရည်ဝင်းအား ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူ တစ်ဦး ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလ ပထမပတ်က အောင်စိုးဦး (ခ) တွက်ပီအား (၈) ရပ်ကွက် ကျန်စစ်သားလမ်းမပေါ်တွင် တွေ့ရှိသဖြင့် ကြိုတင်သတင်းအရ စစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော ဖုန်းတစ်လုံးမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသားတစ်ဦးထံမှ လုယူခဲ့သော ဖုန်းတစ်လုံးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အောင်စိုးဦး (ခ) တွက်ပီအား အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် မေလမှ နိုဝင်ဘာလများအတွင်း လှိုင်သာယာမြို့နယ်မှ စုစုပေါင်း ဖုန်းမျိုးစုံ ၁၄ လုံး ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ အောင်စိုးဦး(ခ) တွက်ပီအား အမှုဖွင့်ထားကြောင်းနှင့် ဖုန်းပိုင်ရှင်များအနေဖြင့် လှိုင်သာယာမြို့မရဲစခန်းနှင့် သောင်ကြီးနယ်မြေရဲစခန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကိုရဲ




## တာချီလိတ်မြို့နယ်၌ အမျိုးသမီးတစ်ဦးအား အမျိုးသားတစ်စုက ဖမ်းဆီးခေါ်ဆောင်သွား

**တာချီလိတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာတွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲက အမျိုးသမီးတစ်ဦးကို အမျိုးသားလေးဦးက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

မယ်ယန်းကျေးရွာတွင်နေထိုင်သည့် အသက် (၄၀) ဝန်းကျင်ရှိ ဒေါ်နန်းခက်မှာ နေအိမ်တွင်ဟင်းချက်နေစဉ် မော်တော်ယာဉ်တစ်စီးဖြင့် ဦးထုပ်များဆောင်း၍ နှာခေါင်းစည်းများစည်းထားသည့် အမျိုးသားလေးဦး ရောက်လာပြီး ဒေါ်နန်းခက်ကို သူဌေးနှင့်တွေ့ရန် ပြောဆိုကာ ကားပေါ်သို့ အဓမ္မဆွဲတင်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းအရ ရဲတပ်ဖွဲ့က အခင်းဖြစ်နေအိမ်သို့ သွားရောက်စစ်ဆေးပြီးနောက် ဖမ်းဆီးခေါ်ဆောင်သွားသူများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လိုက်လံရှာဖွေနေကြောင်း ကနဦးသတင်းအရ သိရှိရသည်။

ယာဆေး (ပြန်/ဆက်)

## ဆီဆိုင်၊ မိုင်းပွန်နှင့် ငဖဲမြို့နယ်တို့ရှိ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က ပချားကလို့ကျေးရွာအနီး အမြင့်နှစ်ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၂၂ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ မိုင်းပွန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အမြင့် ခြောက်လက်မခန့်ရှိ ဘိန်းပင်ပေါက် နှစ်ဧကခန့်နှင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နောင်ကျေးရွာအနီး အမြင့်တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၄ ဒသမ ၅ ဧကခန့်၊ ငရုတ်ကောင်းကျေးရွာအနီး အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၇ ဒသမ ၈၃ ဧကခန့် စုစုပေါင်း ဘိန်းခင်း ၃၆ ဧကကျော်ကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## အုတ်ဖိုမြို့နယ်၌ ကြက်တိုက်လောင်းကစားဝိုင်း ဖမ်းဆီးရမိ

**အုတ်ဖို ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မုက္ကဒန်ကျေးရွာ ဦးမြဟန်ခြံဝင်းအတွင်း ကြက်တိုက်လောင်းကစားမှုပြုလုပ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်တွင် အိုးသည်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်သူထက် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နယ်မြေရဲစခန်းများမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ဦးမြဟန်နှင့်အတူ ဘလားရွာနေသူများဖြစ်သည့် သန်းစိုး၊ သန်းနိုင်၊ သက်နိုင်ဝင်း၊ ပဒေသာကုန်းရွာ နေသူများဖြစ်သည့် မျိုးမင်း၊ ကျော်ကျော်နိုင်၊ တင်ထွေးတို့အား တိုက်ကြက် နှစ်ကောင်၊ လောင်းကြေးငွေကျပ် ၁၀၆၀၀၀ ၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီး၊ စက်ဘီးမျိုးစုံ လေးစီးနှင့်အတူ ကြက်တိုက်လောင်းကစားနေသည်ကို တွေ့ရှိရ၍ အိုးသည်ကုန်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဝ၄၅



ဇန်နဝါရီလ ဒုတိယပတ်က အ–လ–က (သံဘို)ရှိ ကျောင်းသား ကျောင်းသူများအား တောင်သာမြို့နယ် ရုံးစည်ကြီးရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ် စိုးထွန်းက သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၁၈) ရပ်ကွက် သီရိမင်္ဂလာဘုန်းကြီးကျောင်း၌ ဇန်နဝါရီ ၁၆ ရက်က မြင်းခြံမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်မင်းနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်



သိမ်းဆည်းရမိသည့် အကောက်ခွန်မဲ့ပစ္စည်းများ။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်က မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၀၂ စီး၊ သွင်းကုန် ၁၇၄၂ စီး၊ ရန်ကုန်–မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှု သုံးမှု၊ ခန့်မှန်းတန်းဖိုး ငွေကျပ် ၀ ဒသမ ၇၀၈ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း သုံးမျိုးကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဟိမဝန္တာတောင်စဉ်တောင်တန်းတွင် အမြင့်ဆုံးဖြစ်သည့် အန်နာပါနာတောင် ပြိုကျမှုကြောင့် တောင်တက်သမားခုနစ်ဦး ပျောက်ဆုံးလျက်ရှိ

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၈**

နီပေါနိုင်ငံ၏ အန်နာပါနာဒေသတွင် တောင်ပြိုကျမှု တစ်ခုဖြစ်ပွားခဲ့ရာ တောင်တက်သမား ခုနစ်ဦးထက် မနည်း ပျောက်ဆုံးခဲ့ကြောင်း၊ ပျောက်ဆုံးသူများတွင် တောင်ကိုရီးယားနိုင်ငံသား လေးဦးနှင့် နီပေါနိုင်ငံသား သုံးဦးတို့ဖြစ်ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၈ ရက်က ပြောကြားလိုက်သည်။

အဆိုပါဖြစ်ရပ်သည် အန်နာပါနာတောင်ခြေစခန်းအနီး အမြင့်ပေ ၃၂၃၀ မီတာ (၁၀၅၉၇ ပေ)ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အန်နာပါနာတောင်သည် ဟိမဝန္တာတောင်စဉ်တောင်တန်းများအနက် အမြင့်ဆုံးတောင်ထွတ်တစ်ခု ဖြစ်ကြောင်း သိရသည်။ ဆီးနှင်းများပြိုကျပြီးနောက် ယခုလို စိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်ဖြစ်ပွားပြီးနောက် တောင်ကိုရီးယားနိုင်ငံသားလေးဦးနှင့်အတူ နီပေါနိုင်ငံသားသုံးဦးတို့ကို ဆက်သွယ်၍မရတော့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်ခဲ့ကြောင်း နီပေါခရီးသွားလာရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မီရာဒါကယ်က အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

ဆိုးရွားသောရာသီဥတုက ကယ်ဆယ်ရေးလုပ်ငန်းများကို နှောင့်ယှက်သလို ဖြစ်နေကြောင်း ပြည်နယ်ရဲမင်းကြီး ဒန်ဘဟာဒါကာကီက ပြောကြားလိုက်သည်။ ကယ်ဆယ်ရေးအဖွဲ့မှာ အခင်းဖြစ်ပွားရာနေရာသို့ သွားသည့် လမ်းကြောင်းပေါ်တွင် ရှိကြောင်း၊ ရာသီဥတုကောင်းသည်နှင့် တစ်ပြိုင်နက်တည်း အဆိုပါနေရာသို့ သွားရောက်ရန် ရဟတ်ယာဉ်များကိုလည်း အဆင်သင့် လုပ်ထားကြောင်း ကာကီက ဆက်လက်ပြောကြားသည်။

အန်နာပါနာတောင်သည် တောင်ပြိုကျမှုတွင် နာမည်ကြီးသည့်တောင်တစ်ခုဖြစ်ပြီး တက်ရမလွယ်ကူသည့် တောင်ဖြစ်သည့်အပြင် ကမ္ဘာ့အမြင့်ဆုံးတောင်တစ်တောင် ဖြစ်သည့် ဧဝရက်တောင်ထက် တောင်တက်သမား သေဆုံးမှုနှုန်း ပိုမိုများပြားသည့် တောင်တစ်တောင်ဖြစ်သည်။

လှပသည့်ရှုခင်းများနှင့် နာမည်ကျော်ကြားသည့်အတွက် တောင်တက်သမားထောင်ပေါင်းများစွာသည် အန်နာပါနာဒေသသို့ နှစ်စဉ်လာရောက်လေ့ရှိကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**



တောင်တက်သမားများ တောင်တက်နေသည့်မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

# အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက မြောက်ကိုရီးယား၏ အဏုမြူလက်နက်စမ်းသပ်မှုများ အလျင်အမြန်တိုးမြှင့်လာမှုအပေါ် သတိပေးပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက မြောက်ကိုရီးယား၏ အဏုမြူလက်နက် အလျင်အမြန် တိုးမြှင့်လာမှုအပေါ် ဇန်နဝါရီ ၁၈ ရက်က သတိပေးပြောကြားလိုက်သည်။ မြောက်ကိုရီးယားနိုင်ငံသည် လက်ရှိခေါင်းဆောင် ကင်ဂျုံအန်း လက်ထက်တွင် ဒုံးကျည် ၆၇ စင်း စမ်းသပ်ခဲ့ကြောင်း ၎င်းက ထောက်ပြပြောဆိုခဲ့သည်။

ပူးတွဲစစ်ဦးစီးချုပ် ဒုတိယဥက္ကဋ္ဌ လေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ဟိုင်တန်က ယမန်နေ့က ဝါရှင်တန်တွင် မိန့်ခွန်းပြောကြားရင်း မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုအန္တရာယ်ကို ရည်ညွှန်းပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အမေရိကန်တပ်မတော်တွင် ဒုတိယအဆင့်ရှိ ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သည်။



မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်အချို့ကို တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံသည် ကင်အီဆွန်လက်ထက်တွင် ဒုံးကျည်ကိုးစင်း စမ်းသပ်ခဲ့ပြီး နောက်ထပ် ခေါင်းဆောင် ကင်ဂျုံအီလ်လက်ထက်တွင် ဒုံးကျည် ၂၂ စင်း စမ်းသပ်ခဲ့ကာ လက်ရှိခေါင်းဆောင်လက်ထက်တွင် ဒုံးကျည်စမ်းသပ်မှု ၆၇ စင်းအထိ တိုးလာကြောင်း ၎င်းက ပြောကြားလိုက်သည်။

မြောက်ကိုရီးယားသည် ဒုံးကျည်သစ်များ၊ လက်နက်သစ်များကို ကမ္ဘာပေါ်တွင် ရှိသမျှလူအားလုံးထက် လျင်လျင်မြန်မြန် လုပ်ဆောင်လာကြောင်း၊ သို့သော်လည်း အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ခြိမ်းခြောက်မှု အန္တရာယ်အားလုံးကို ကောင်းစွာကာကွယ်နိုင်စွမ်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံကြား နျူကလီးယားကင်းစင်ရေး ဆွေးနွေးမှုသည် သောင်မတင်ရေမကျဖြစ်နေစဉ် မြောက်ကိုရီးယားခေါင်းဆောင်ကင်သည် မဟာဗျူဟာမြောက် လက်နက်သစ်တစ်ခုကို အနာဂတ်ကာလတွင် လုပ်ဆောင်သွားရန် အကြံပြုတိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်တွင် မီးတောင်ပြာများကို အသုံးပြုကာ အုတ်ခဲပြုလုပ်

**မနီလာ ဇန်နဝါရီ ၁၈**

ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာနှင့် မကြာခဏကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်တို့ကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်မှုတစ်ခု ပြုလုပ်ခဲ့သည်။

ယင်းမှာ မီးတောင်မှထွက်သည့်ပြာနှင့် ပလတ်စတစ်အမှိုက်များကို ပေါင်းစပ်ကာ အုတ်ခဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တားလ်မီးတောင်ပေါက်ကွဲမှုသည် လွန်ခဲ့သည့်သီတင်းပတ်တွင် ဖြစ်ပေါ်ခဲ့ကာ လေထုထဲသို့ ပြာမှုန့်များ ပျံ့နှံ့ခဲ့ပြီး အနီးပတ်ဝန်းကျင်မြို့ဖြစ်သည့် ဘီနန်မြို့တွင် မီးခိုးရောင်ပြာမှုန့်များ ဖုံးလွှမ်းသွားခဲ့သည်။ သဘာဝပတ်ဝန်းကျင်အရာရှိများသည် အဆိုပါ ပြာများကို ချက်ချင်းရှင်းလင်းခြင်းမပြုဘဲ ပြာများ၊ ဘိလပ်မြေနှင့် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ပေါင်းစပ်ကာ တစ်နေ့လျှင် အုတ်ခဲ ၅၀၀၀ ခန့် ထုတ်လုပ်သွားရန် စီစဉ်ခဲ့သည်။

ယင်းအုတ်ခဲများကို ဒေသတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရာတွင် အသုံးပြုမည်ဟု သိရသည်။ တစ်နေရာတည်းတွင် ပြာများစုပြုံနေမည့်အစား အသုံးဝင်သည့်အရာအဖြစ် ပြောင်းလဲနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ရိုဒရီလီယိုလီက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံသည် စွန့်ပစ်အမှိုက်ပြဿနာနှင့်လည်း ရင်ဆိုင်နေရပြီး ပလတ်စတစ်အသုံးပြုမှုမှာ အံ့သြဖွယ်ရာကောင်းလောက်အောင် များပြားကြောင်း လွန်ခဲ့သည့်နှစ်က အစီရင်ခံစာတွင် ရေးသားထားသည်။

နှစ်စဉ် အင်အားပြင်းထန်သည့် မုန်တိုင်း ၂၀ ခန့် ဝင်ရောက်လေ့ရှိပြီး အင်အားပြင်းထန်သည့်ငလျင်လည်း လှုပ်ခတ်လေ့ရှိသည်။ ယင်း သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်းရာနှင့်ချီ၍ အသက်ဆုံးရှုံးရသည်။

**အေအက်ဖ်ပီ**




မီးတောင်ပြာများနှင့် ပလတ်စတစ်တို့ ပေါင်းစပ်၍ အုတ်ခဲပြုလုပ်စဉ်။

# ကာကွယ်ရေးအသုံးစရိတ်အတွက် တောင်ကိုရီးယားက ပိုမိုကျခံရန် အမေရိကန်ဘက်မှ ဖိအားပေး

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်တပ်ဖွဲ့ဝင်များကို တောင်ကိုရီးယားတွင် ထားရှိထားသည့်အတွက် တောင်ကိုရီးယားက ကုန်ကျစရိတ်ကို ပိုမိုကျခံပေးရန် အမေရိကန်က ဖိအားပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါတို့က ဇန်နဝါရီ ၁၇ ရက်ထုတ် ဝေါစထရီဂျာနယ်တွင် ယင်းကိစ္စနှင့်ပတ်သက်၍ ရေးသားခဲ့ကြသည်။

ယခုနှစ်အတွက် ကာကွယ်ရေးကုန်ကျစရိတ် မျှဝေကျခံမှုတွင် ပိုမိုကျခံပေးရန် အမေရိကန်၏တောင်းဆိုမှုကို တောင်ကိုရီးယားက တွန့်ဆုတ်လျက်ရှိသည့်အတွက် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေဖြစ်နေရသည်။ တောင်ကိုရီးယားသည် အမေရိကန်တပ်ဖွဲ့ဝင်များကို လက်ခံထားရသည့် ကုန်ကျစရိတ် သုံးပုံတစ်ပုံကိုသာ မျှဝေကျခံခဲ့သည်ဟု မိုက်ပွန်ပီအိုနှင့် အက်စပါတို့က ရေးသားခဲ့သည်။

ယင်းအခြေအနေကြောင့် အမေရိကန်အခွန်ထမ်းပြည်သူများအပေါ် ပိုမိုဝန်ပိစေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြသည်။ ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန် မိတ်ဖက်နိုင်ငံအဖြစ် တောင်ကိုရီးယားသည် ကာကွယ်ရေးအသုံးစရိတ်အတွက် ပိုမိုကျခံသင့်သည်ဟုလည်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့ကြသည်။ ဂျပန်နိုင်ငံတွင်လည်း အမေရိကန်တပ်များကို ထားရှိထားရာ ယခုနှစ်အတွက် ကုန်ကျစရိတ်ကျခံမှုကို ယခုလ နှောင်းပိုင်းတွင် အမေရိကန်နှင့် ဂျပန်တို့ ဆွေးနွေးသွားရန် ရည်ရွယ်ထားသည်။

အမေရိကန်အခြေစိုက်စခန်းနှင့် အခြားသောစစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်များအတွက် ဂျပန်နိုင်ငံဘက်မှ ယခင်ကထက် ပိုမိုကျခံပေးရန် ထရမ့်အစိုးရအဖွဲ့က မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ် ကရက်ရှီတို့သည် ဇန်နဝါရီ ၁၇ ရက်က တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဖဂန်နစ္စတန်နိုင်ငံအရေးတို့ကို ဆွေးနွေးခဲ့ကြသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မာမွတ်ကရက်ရှီသည် အမေရိကန်ပြည်ထောင်စုသို့ သုံးရက်ကြာချစ်ကြည်ရေးခရီး လာရောက်ပြီး ဒေသတွင်းလုံခြုံရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများအကြောင်း ဆွေးနွေးခဲ့ကြသည်။ တာလီဘန်နှင့်အမေရိကန် စေ့စပ်ညှိနှိုင်းသူများသည် ၁၈ နှစ်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေး ငြိမ်းချမ်းရေးစာချုပ်အတွက် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု သတင်းထွက်ပေါ်ပြီးနောက် ယခုလို ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဝန်ကြီးချုပ်၏နုတ်ထွက်ခွင့်ကို ယူကရိန်းသမ္မတ ပယ်ချ

**ကီယက်ဗ် ဇန်နဝါရီ ၁၈**

ယူကရိန်းဝန်ကြီးချုပ် အိုဘက်ဆေးဟွန်ချာရက်၏ ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုကို ယူကရိန်းသမ္မတ ဗလော့ဒီမာဇီလန်စကီးက ပယ်ချခဲ့ကြောင်းသိရသည်။

ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်၏ အစိုးရအဖွဲ့အတွက် နောက်တစ်ကြိမ် အခွင့်အရေးပေးရန် ဆုံးဖြတ်ခဲ့သည်ဟုသမ္မတက ဇန်နဝါရီ ၁၇ ရက်က ဟွန်ချာရက်နှင့် တွေ့ဆုံမှုအပြီးတွင် ပြောကြားခဲ့သည်။ ဇန်နဝါရီ ၁၇ ရက်တွင်ဟွန်ချာရက်က ၎င်း၏နုတ်ထွက်စာကို သမ္မတထံ တင်ခဲ့သည်။

သမ္မတဇီလန်စကီး၏ စီးပွားရေးအပေါ် နားလည်မှုနှင့် ပတ်သက်ကာ ဝေဖန်သည့်အသံဖိုင် ပေါက်ကြားပြီးနောက် ယခုလိုနုတ်ထွက်စာတင်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၅ ရက်တွင် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆိုပါ အသံဖိုင် ပေါက်ကြားခဲ့ခြင်းဖြစ်သည်။ ဟွန်ချာရက်သည် အသက် ၃၅ နှစ်ရှိပြီဖြစ်ပြီး ယူကရိန်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

**ဆင်ဟွာ**

### ဩစတြေးလျတောမီးတွင် ထိခိုက်ခံစားခဲ့ရသူများအတွက် ပူဆွေးခြင်းအခမ်းအနားပြုလုပ်

**ဆစ်ဒနီ ဇန်နဝါရီ ၁၈**

ဩစတြေးလျတွင် ကြောက်မက်ဖွယ်တောမီးလောင်ပြီးနောက် ထိခိုက်ခံစားခဲ့ရသူများတွက် နိုင်ငံတစ်ဝန်းတွင် စုဝေးကာ ဆုတောင်းခြင်းအခမ်းအနားများ ပြုလုပ်ခဲ့ကြသည်။

ဩစတြေးလျနိုင်ငံသည် စက်တင်ဘာလအတွင်းမှစတင်ကာ ဆိုးရွားပြင်းထန်သည့်တောမီးနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းတောမီးကြောင့် လူပေါင်း ၂၈ ဦးခန့် သေဆုံးခဲ့ရသည်။ သားပိုက်ကောင် တစ်မျိုးဖြစ်သည့် ဩစတြေးလျ ကိုအာလာအကောင်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အသက်ဆုံးရှုံးခဲ့ရသည်။

လူများစုဝေးကာ ဆုတောင်းခြင်းများကို အချို့သောမြို့များတွင် ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့ကြသည်။ တောမီးအတွင်း သေဆုံးခဲ့ကြသူများအတွက်ရည်စူးကာ ခေတ္တမျှ ငြိမ်သက်နေခြင်းကို ဆစ်ဒနီမြို့ ပန်းခြံအတွင်း လူ ၄၀ ခန့်စုဝေးကာပြုလုပ်ခဲ့ကြသည်။

အဆိုပါ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူအမျိုးသမီးတစ်ဦးက တောမီးကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်မိသားစုများအတွက် ဝမ်းနည်းမိကြောင်း ပြောကြားခဲ့သည်။

ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးကလည်း တိုင်းပြည်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများသည် လုံလောက်မှုမရှိဟု ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်ဆိုင်ရတဲ့ ဆေးဝါးအတုပြဿနာ

— — *ကလျာမိုးမြင့်* — —

**အာဖရိကမှာ ဆေးဝါးအတုတွေ တစ်ဟုန်ထိုး တိုးပွားလာနေတဲ့ကိစ္စဟာ မျက်ကွယ်ပြုထားလို့ မရနိုင်တော့လောက်အောင် ကြီးမားတဲ့ အများပြည်သူကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာလျက်ရှိပါတယ်။ တိုဂိုရှိဘုရားဇာဗ္ဗီလီးဖောင်ဒေးရှင်းဟာဆိုရင်လည်း အဲဒီပြဿနာကို ရင်ဆိုင်ဖြေရှင်းဖို့အရေး အာဖရိကနိုင်ငံပေါင်းခုနစ်နိုင်ငံပါတဲ့ အစည်းအဝေးတစ်ရပ် ကျင်းပဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။**



နိုင်ဂျီးရီးယားနိုင်ငံ၌ ဖမ်းဆီးရမိခဲ့သည့် လိုင်စင်မဲ့ဆေးဝါးအတုများကို မီးရှို့ဖျက်ဆီးနေစဉ်။

### ခုနစ်နိုင်ငံပါဝင်

ဆေးဝါးအတုအပတွေ မှောင်ခိုဖြန့်ဖြူးရောင်းချမှုကို တိုက်ဖျက်ဖို့ ဘယ်လိုအရေးကြီးတဲ့လုပ်ငန်းစဉ်တွေ ဆောင်ရွက်မယ်ဆိုတာကို အာဖရိကနိုင်ငံ ခုနစ်နိုင်ငံဖြစ်တဲ့ ကွန်ဂို၊ နိုင်ဂျာ၊ ဆီနီဂေါ၊ တိုဂို၊ ယူဂန္ဒာ၊ ဂါနာနဲ့ ဂမ်ဘီယာနိုင်ငံတွေ ပါဝင်ဆွေးနွေးကြမယ်လို့ သိရပါတယ်။ ဆေးဝါးအတုအပတွေ ဖောခြင်းသောခြင်း ဖြစ်နေတဲ့ ပြဿနာဟာ ဘယ်လောက်အထိ ကြီးမားနေပြီး ဒီကိစ္စကြောင့် နောက်ဆက်တွဲ ဆိုးကျိုး သက်ရောက်မှုတွေက ဘာတွေရှိလာမလဲ ဆိုတာကို စိတ်ဝင်တစား လေ့လာမိခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးနဲ့ချိပြီး ပြောရမယ်ဆိုရင် ဆေးဝါးအတုတွေ ဖြန့်ဖြူးရောင်းချနေတဲ့ ပမာဏဟာ နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံဖိုး (ယူရို ၁၅၀ ဘီလီယံကျော်ဖိုး) ရှိနေတာမို့ပါ။ ပမာဏသေးသေးတော့ မဟုတ်ပါဘူး။ ဒီထဲမှာမှ ဆေးဝါးအတုအပတွေ ရောင်းချမှုအရှိဆုံးဟာ အာဖရိကနိုင်ငံတွေအတွင်းမှာ အဖြစ်အများဆုံးပဲလို့ သတင်းရင်းမြစ်တွေက ဖော်ပြကြပါတယ်။

ဆေးဝါးအတုတွေ ဘယ်လောက်တောင် ပျံ့နှံ့နေသလဲ။ ၂၀၁၃ ကနေ ၂၀၁၇ ခုနှစ်အတွင်းမှာ ဖော်ထုတ်သိရှိခဲ့တဲ့ ဆေးဝါးအတုရောင်းချမှုတွေရဲ့ ၄၂ ရာခိုင်နှုန်းဟာ အာဖရိကနိုင်ငံတွေက ဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပြထားပါတယ်။ အမေရိကနဲ့ ဥရောပနိုင်ငံတွေမှာ ဆေးဝါးအတုတွေ ပေါ်ထွက်မှုကတော့ ၂၁ ရာခိုင်နှုန်းစီ အသီးသီးရှိတယ်လို့ သိရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ ဆေးဝါးအတုတွေ သိမ်းဆည်းရရှိမှုနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေရရှိဖို့ ကမ္ဘာတစ်ဝန်းက သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းတွေကို အားထားနေရတဲ့ သတင်းပို့ယန္တရားတစ်ခုရှိပါတယ်။ ဒါကြောင့် ၂၀၁၃ ကနေ ၂၀၁၇ ခုနှစ်အတွင်း ရရှိတဲ့ အချက်အလက်တွေဟာ သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဒေသတွေမှာရှိတဲ့ ထောက်လှမ်းမှုနဲ့ သတင်းပို့စနစ်တွေလိုပဲ ကောင်းမွန်ခဲ့ပါတယ်။

### အဖြစ်များတဲ့နေရာတွေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အရာရှိတွေကို ဒီထက်ပိုပြီး လေ့ကျင့်ပေးနေသလို စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူတွေဟာလည်း ဆေးဝါးအတုတွေ ဖမ်းဆီးနိုင်ဖို့ သတင်းပေးပို့မှုတွေ အမြောက်အမြားကို ယခင်ကထက်ပိုပြီး သတိပြုမိလာခဲ့တယ်လို့ ဆိုထားပါတယ်။ ဒီတော့ စည်းကမ်းကြပ်မတ်မှုနဲ့ တရားဥပဒေနဲ့အညီ ဆောင်ရွက်မှုပိုင်း အားနည်းနေသေးတဲ့ နေရာတွေမှာ ဒီပြဿနာတွေ အဖြစ်များနေတာ ဖြစ်နိုင်ပါတယ်။

ဆေးဝါးအတုတွေ ဖြန့်ချိမှုက အတော်လေး စိမ့်ဝင်ပျံ့နှံ့နေတာကြောင့် တိတိကျကျခန့်မှန်းဖို့ မဖြစ်နိုင်ဘူးလို့ ဆိုကြပါတယ်။ ဒါပေမယ့် မကြာသေးခင်နှစ်တွေအတွင်း ဆေးဝါးအတုတွေ ဖမ်းဆီးရမိခဲ့မှုတချို့က အနောက်အာဖရိကမှာဖြစ်နေတဲ့ ဆေးဝါးအတုတွေ ပေါ်ထွက်နေတဲ့ပြဿနာကို သိသာထင်ရှားစေခဲ့ပါတယ်။

### ဖမ်းဆီးရမိခဲ့မှုများ

အိုင်ဗရီကို့စ်၊ ဂီနီဘစ်ဆော၊ လိုက်ဘေးရီးယားနဲ့ ဆီရာလီယွန်တို့မှာ ၂၀၁၈ ခုနှစ်အတွင်း ဆေးဝါးအတု တန်ချိန်ပေါင်း ၁၉ တန်ကို ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဂါနာကနေ ဆေးဝါးအတု ၁၂ တန်ကို မှောင်ခိုသွင်းဖို့ ကြိုးပမ်းနေတဲ့ အိုင်ဗရီကို့စ်က မှောင်ခိုရောင်းချသူတွေကို နိုင်ငံတကာရာဇဝတ်မှု နှိမ်နင်းရေးတပ်ဖွဲ့ (အင်တာပို)က ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ပြီးတော့ ၂၀၁၇ ခုနှစ်မှာ အာဖရိက ခုနစ်နိုင်ငံက အင်တာပိုဦးဆောင်တဲ့ စစ်ဆင်ရေးအဖွဲ့ဟာ ပိတ်ပင်ထားတဲ့ ဆေးဝါးထုတ်ကုန်ပစ္စည်းတန်ချိန် ၄၂၀ ကျော်ကို ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း မာလီမှာ ဆေးဝါးအတု တန်ချိန် ၁၉ ဒသမ ၈၈ တန်နီးပါးအထိ ဖမ်းဆီးရမိခဲ့ပါသေးတယ်။

ဝင်ငွေနည်းပါးတဲ့ နိုင်ငံတွေနဲ့ ဝင်ငွေအသင့်အတင့်ရှိတဲ့ နိုင်ငံတွေ အထူးသဖြင့် အာဖရိကနိုင်ငံအများစုက ဆေးဝါးထုတ်ကုန် ဆယ်ပုံတစ်ပုံဟာ လိုအပ်တဲ့အရည်အသွေး စံချိန်စံနှုန်း မပြည့်မီတဲ့ဆေးဝါး သို့မဟုတ် ဆေးဝါးအတုတွေ ဖြစ်နေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းခဲ့ပါတယ်။

### ဆေးဝါးအတုတွေကပေးတဲ့အန္တရာယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွက် ဆောင်ရွက်နေတဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုနဲ့ အပူပိုင်းဒေသ ဆေးပညာဆိုင်ရာ လန်ဒန်တက္ကသိုလ်လေ့လာမှုအဖွဲ့က အာဖရိကတောင်ပိုင်းမှာ နှစ်စဉ်နှစ်တိုင်း ငှက်ဖျားရောဂါကုသတဲ့ ဆေးဝါးအတုတွေကြောင့် ငှက်ဖျားရောဂါခံစားရသူတွေ သေဆုံးရမှုဟာ ပိုမိုတိုးပွားလာခဲ့ပြီး ၁၁၆၀၀၀ အထိရှိတယ်လို့ ခန့်မှန်းဖော်ပြခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ အပူပိုင်းဆေးပညာနဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အမေရိကန်အဖွဲ့အစည်းက ပုံနှိပ်ဖော်ပြခဲ့တဲ့ လေ့လာမှုမှာ နှစ်စဉ်နှစ်တိုင်း အရည်အသွေးမပြည့်မီတဲ့ ဆေးဝါးအတုတွေကြောင့် အာဖရိကတောင်ပိုင်းက အသက်ငါးနှစ်အောက်ကလေးငယ်တွေ သေဆုံးရမှုဟာ ၁၂၂၀၀၀ ကျော်လောက်ရှိတယ်လို့ ဖော်ပြခဲ့တာကို တွေ့ရပါတယ်။

### ဘာကြောင့် နှိမ်နင်းဖို့ခက်

ဆေးဝါးအတုအပတွေကို တိုက်ဖျက်ဖို့ ခက်ခဲနေရတဲ့အကြောင်းကို သုံးသပ်ကြည့်မယ်ဆိုရင် ဆေးဝါးအတုတွေဟာ အစစ်နဲ့ဆင်တူယိုးမှားဖြစ်နေတာကြောင့် ခွဲခြားဖို့ခက်သလို ထုပ်ပိုးမှုပုံစံကျပြန်တော့လည်း အစစ်ထက် ပိုမကောင်းရင်သာ မကောင်းမယ်။ ညံ့ဖျင်းတဲ့ထုပ်ပိုးမှုပုံစံမျိုးတော့ မဟုတ်ပါဘူး။

ပြီးတော့ ရောင်းချမှုတွေမှာ စည်းကမ်းကြပ်မတ် စစ်ဆေးမှုအားနည်းတာနဲ့ ဥပဒေနဲ့ ညီညွတ်တဲ့ မူဘောင် ချမှတ်ဆောင်ရွက်မှုတွေမရှိတာ အထူးသဖြင့် အွန်လိုင်းကနေ ရောင်းချမှုတွေမှာ စိစစ်မှုတွေ အားနည်းတာက ပြဿနာကို ပိုဆိုးလာစေတယ်လို့ ကုလသမဂ္ဂက ပြောကြားခဲ့ပါတယ်။

### ဆေးဖိုးဝါးခမတတ်နိုင်

ပြီးတော့နောက်တစ်ခုက ဆင်းရဲနွမ်းပါးတဲ့နိုင်ငံတွေမှာ ဆေးဖိုးဝါးခကုန်ကျစရိတ် မတတ်နိုင်ခြင်းကလည်း ပြဿနာတစ်ခုပါပဲ။ အကယ်၍ ခွင့်ပြုချက်ရထားတဲ့ အရည်အသွေးကောင်းမွန်တဲ့ဆေးတွေက သိပ်ပြီးဈေးကြီးနေရင် ဝယ်သူတွေက မှတ်ပုံတင်ထားခြင်းမရှိတဲ့ ထုတ်လုပ်သူဆီက ပိုဈေးချိုတဲ့ဟာကိုပဲ ဝယ်ဖို့ကြိုးစားကောင်းကြိုးစားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီလိုထောက်ပြထားပါတယ်။ ခွင့်ပြုချက်ရရှိထားတဲ့ ဆေးဝါးတွေကို ဈေးနှုန်းလျှော့ချပေးလိုက်မယ် ဆိုရင်တောင်မှ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်လို့ အာမမခံနိုင်ဘူးလို့ အဖွဲ့က ဆိုပါတယ်။

### ဖြေရှင်းနိုင်မယ့်နည်းလမ်း

မှောင်ခိုသမားတွေအတွက်ကတော့ တန်ဖိုးနည်းတဲ့ဆေးဝါးတွေကသာ သူတို့အတွက် ငွေရမယ့်နည်းလမ်းမို့လို့ ဆေးဝါးအတုတွေ ရောင်းတဲ့နှုန်းဟာ မြင့်တက်လာရပါတယ်။ ဒါပေမယ့် ဆေးဝါးအတုအစစ် ခွဲခြားစိစစ်နိုင်ဖို့ ခဲခြစ်စတစ်ကာတွေ၊ ဘားကုဒ်တွေသုံးပြီး ဆေးဝါးအတု၊ အစစ် ခွဲခြားနိုင်ဖို့ အကူအညီပေးတဲ့ မိုဘိုင်းအက်ပလီကေးရှင်းတွေလိုမျိုး နည်းပညာဆိုင်ရာ နည်းလမ်းတွေအပါအဝင် ထုပ်ပိုးပစ္စည်းအပေါ်မှာ ရိုက်နှိပ်ထားတဲ့ အချက်အလက်လိုမျိုး အတု၊ အစစ် ခွဲခြားနိုင်မယ့် နည်းလမ်းတွေကိုတော့ ကြိုးစားလုပ်ဆောင်နေတယ်လို့ သိရပါတယ်။ ။

**ကိုးကား–Science Daily**

> **"ဝင်ငွေနည်းပါးတဲ့ နိုင်ငံတွေနဲ့ ဝင်ငွေအသင့်အတင့်ရှိတဲ့ နိုင်ငံတွေ အထူးသဖြင့် အာဖရိကနိုင်ငံအများစုက ဆေးဝါးထုတ်ကုန် ဆယ်ပုံတစ်ပုံဟာ လိုအပ်တဲ့ အရည်အသွေး စံချိန်စံနှုန်း မပြည့်မီတဲ့ဆေးဝါး သို့မဟုတ် ဆေးဝါးအတုတွေ ဖြစ်နေတယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ခန့်မှန်းခဲ့ပါတယ်"**



ထားဝယ်မြို့၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေစဉ်။

# မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

**ထားဝယ် ဇန်နဝါရီ ၁၈**

ပြည်သူများ ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် မော်တော်ဆိုင်ကယ် စီးနင်းသူများအား အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (တနင်္သာရီ)နှင့် မျိုးသိန်းအီလက်ထရွန်နစ် ကုမ္ပဏီတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၆ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နိဗ္ဗာန်လမ်း၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးသည်။

ဖြန့်ဝေသည့်နေရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး ဆိုင်ကယ်စီးနင်းခရီးသွားလာ ပြည်သူများအား ဆိုင်ကယ်ဦးထုပ်များ ပေးအပ်ခဲ့သည်။

ယာဉ်လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပြည့်စုံခြင်းရှိ မရှိကို စစ်ဆေးပြီး သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံသူများကိုသာ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

''ဆိုင်ကယ်စီးဦးထုပ်တွေကို တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ အလုံးရေ ၉၀၀၀ ကျော်ကို ပေးခဲ့ပြီးဖြစ်ပါတယ်။ ဦးထုပ်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ဆိုင်ကယ်စီးနင်းသူတွေ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းတယ်။ အဲဒီအချိန်မှာ ဦးထုပ်မဆောင်းဘူး။ ဦးထုပ်မဆောင်းတဲ့အချိန် အသက်အန္တရာယ်ဆုံးရှုံးရနိုင်တဲ့ အနေအထားဖြစ်နိုင်တယ်။ အသက်အန္တရာယ်ကာကွယ်စေချင်တဲ့ သဘောနဲ့ ဦးထုပ်တွေကို ဝေပေးချင်ဖြစ်ပါတယ်'' ဟု ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်းသည့် မျိုးသိန်းအီလက်ထရွန်နစ်ကုမ္ပဏီမှ ဒါရိုက်တာ သက်ထက်ငြိမ်းက ပြောကြားသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ အစည်းအဝေး မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်တွင် ထပ်မံတိုးချဲ့ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းမြို့နယ်ရွေးချယ်ရေး အကြံဉာဏ်ရယူခြင်း အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ ပူးပေါင်းပါဝင်အားဖြည့်ပေးသည့်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ကမ္ဘာ့ဘဏ်က ထောက်ပံ့ငွေ၊ ချေးငွေ၊ အီတလီအစိုးရမှ အတိုးမဲ့ နှစ်ရှည်ချေးငွေနှင့် ပြည်ထောင်စုအစိုးရမှ ထည့်ဝင်ငွေများဖြင့် လူထုဗဟိုပြုစီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်းမှ ချောင်းဆုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီး အောင်မြင်မှုများ ရရှိနေကြောင်း၊ စီမံကိန်းသတ္တမနှစ် စက်ဝန်းတွင် ၁၃ မြို့နယ် တိုးချဲ့လျာထားချက်အရ မိမိတို့မွန်ပြည်နယ်၌ မြို့နယ်တစ်မြို့နယ် ထပ်မံတိုးချဲ့ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းအကြောင်းသိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး တက်ရောက်လာသူများအား အုပ်စုငယ်များခွဲ၍ သတ်မှတ်ချက်များ အတိုင်းစီမံကိန်း ထပ်မံတိုးချဲ့အကောင်အထည်ဖော်မည့်မြို့နယ်ကို ရွေးချယ်ကြသည်။ **ဝေလင်း(ပြန်/ဆက်)**




မွန်ပြည်နယ်၌ လူထုဗဟိုပြုစီမံကိန်းမြို့နယ် ရွေးချယ်စဉ်။



# လယ်ဝေးမြို့နယ်၌ ဆောင်းနေကြာ သီးထပ်စိုက်ပျိုးမှု ကွင်းသရုပ်ပြ

**လယ်ဝေး ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အေလာအုပ်စု တောင်သူဦးသိန်းဝင်း၏ ဆောင်းနေကြာသီးထပ်စိုက်ကွက် ၁၀ ဧကတွင်း မိုးစပါးအပြီး သီးထပ်စပ်မျိုးနေကြာမျိုးစေ့ထုတ် စိုက်ပျိုးထားမှု တောင်သူများအား ကွင်းသရုပ်ပြသပွဲကို ယမန်နေ့က ကျင်းပသည်။

မိုးစပါးအပြီး လယ်သီးထပ်အဖြစ် စပ်မျိုးနေကြာ မျိုးစေ့ထုတ် စိုက်ပျိုးရာ အဖိုလိုင်း ၁ လိုင်း၊ အမလိုင်း ၃ လိုင်း စနစ်ဖြင့် စိုက်ပျိုးပြသထားပြီး တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးပညာပေး ကွင်းဝန်ထမ်းများက စတင်စိုက်ပျိုးသည်မှ မျိုးကွဲပယ်ခြင်း၊ မျိုးကူးခြင်းနှင့် ရိတ်သိမ်းချိန်အထိ တောင်သူများအား လက်တွေ့ပြသသွားမည်ဖြစ်ကြောင်း၊ စပါးအပြီးလယ်သီးထပ်တွင် ကုလားပဲနှင့် ပဲတီစိမ်းသီးနှံများလည်း စိုက်ပျိုးကြသော သီးနှံပုံစံအတွက်လည်း မျိုးရရှိရေး စိုက်နည်းစနစ်တို့အတွက် ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစောဝင်းက ပြောသည်။

၂၀၁၉-၂၀၂၀ နှစ် လယ်ဝေးမြို့နယ် ဆောင်းသီးနှံ စုစုပေါင်း ၅၈၃၆၇ ဧက စိုက်ပျိုးလျက်ရှိပြီး နွေသီးနှံ ၁၁၈၈၃ ဧက စိုက်ပျိုးရန်အတွက်လည်း နွေထယ်ရေးခံခြင်း၊ မျိုးစေ့စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မေမိုးသဲ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ | ကျပ် | ၉၄၅/၉၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ | ကျပ် | ၉၆၀/၉၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၆၅ | ကျပ် | ၈၉၅/၉၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၆၀ | ကျပ် | ၁၀၀၀/၁၀၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၈ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၂ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၁၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၄၃၆ | ၂၈၀၁၃၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၅၈၅ | ၆၁၂၁၅၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၅၀ | ၂၉၀၀ | ၁၁၃ | ၃၂၂၁၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့ခန္ဓာကိုယ်ရဲ့ အရေးကြီးဆုံးနဲ့ အရှုပ်ထွေးဆုံးသောအရာ ဦးနှောက်

ကေ-ဂျူဝယ်လ်

**ပြင်ပဗဟုသုတတွေ ပြောနေရာကနေ ဒီတစ်ပတ်မှာတော့ ကလေးတို့ ကိုယ်ခန္ဓာရဲ့ အရေးကြီးဆုံး အစိတ်အပိုင်းတွေထဲက ဦးနှောက်(Brain) ရဲ့ စိတ်ဝင်စားဖွယ် အကြောင်းအရာတွေကို ပြောပြလိုပါတယ်။**



ဦးနှောက်

ဦးနှောက်ကတော့ လူတွေရဲ့ ဦးခေါင်းထဲမှာ ရှိတာ ပေါ့ကွယ်။ သူက အာရုံကြောတစ်သျှူးတွေနဲ့ ဖွဲ့စည်းထားတာပါ။ ဦးနှောက်က ခန္ဓာကိုယ်ရဲ့ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်တဲ့အပြင် သိပ္ပံပညာရှင်တွေဟာ ဦးနှောက်ရဲ့ လုပ်ငန်းဆောင်တာတွေကို ဒီနေ့အထိ အလုံးစုံသိဖို့ ခက်ခဲနေတုန်းပါပဲ။ ဦးနှောက်ဟာ အာရုံခံတဲ့စနစ်တွေ၊ သွေးပေါင်ချိန်တွေနဲ့ အသက်ရှူစနစ်တွေကို ထိန်းညှိပေးသလို ဟော်မုန်းတွေလည်း ထုတ်ပေးပါတယ်။ ဦးနှောက်ရဲ့ လုပ်ဆောင်ချက်တွေကို ကလေးတို့နားလည်အောင် ပြောရရင် စိတ်ခံစားမှုတွေဖြစ်တဲ့ ဝမ်းနည်းတာ၊ ပျော်ရွှင်တာ၊ သတိရတာနဲ့ ကြောက်တာတွေကို ဦးနှောက်ကလုပ်ဆောင်တာ ဖြစ်ပါတယ်။ ဒါတင်မကသေးဘူး၊ ကလေးတို့ စာကျက်ရင် မှတ်သားစရာတွေကိုလည်း ဦးနှောက်က မှတ်သားပေးတယ်။ မှတ်ဉာဏ်ဆိုတာ ဦးနှောက်ရဲ့ လုပ်ဆောင်ချက်ပဲပေါ့။ ဗိုက်ဆာတယ်လို့ ကလေးတို့ ခံစားရတာမျိုးဟာလည်း ဦးနှောက်က စေ့ဆော်ပေးတာပဲဖြစ်ပါတယ်။ ကလေးတို့ နေမကောင်းတဲ့အခါ ခန္ဓာကိုယ်ကြီးပူလာတာကလည်း ဦးနှောက်ရဲ့ သတိပေးချက်ပဲ ဖြစ်ပါတယ်။

မျက်လုံးတွေ၊ အကြားအာရုံတွေ၊ ကိုယ်၊ လက် လှုပ်ရှားမှုတွေ၊ အစာစားတာတွေ၊ အသက်ရှူတာတွေနဲ့ စကားပြောတာတွေ စတဲ့ကလေးတို့ရဲ့ လှုပ်ရှားမှုတွေကို ဦးနှောက်ကပဲ ထိန်းချုပ်ထားပါတယ်။ ဥပမာပြောရရင် ဖယောင်းတိုင်မီးကို ကလေးတို့ ကိုင်ကြည့်မိတဲ့အခါ ပူတယ်ဆိုတဲ့ ခံစားချက်ကို ဦးနှောက်က ထုတ်ပေးသလို ပူလာရင် ဆက်ကိုင်မထားဘဲ လွှတ်ချလိုက်ဖို့လည်း ဦးနှောက်ကပဲ လက်တွေကို ထိန်းချုပ်အမိန့်ပေးလိုက်ပါတယ်။ ဦးနှောက်က တစ်နည်းပြောရရင် ခန္ဓာကိုယ်ကြီးရဲ့ ဌာနချုပ်ကြီးပဲပေါ့ ကလေးတို့ရယ်။

သိပ္ပံပညာရှင်တွေကတော့ တစ်ကိုယ်လုံးရဲ့ အရှုပ်ထွေးဆုံးက ဦးနှောက်ပဲလို့ ဆိုကြပါတယ်။ သူနဲ့ ပတ်သက်ပြီး တိတိကျကျပြောနိုင်ဖို့ ခက်ခဲပါတယ်။ ဦးနှောက်နဲ့ ပတ်သက်တဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေကို ကလေးတို့ကို မမက ပြောပြချင်ပါတယ်။ ဦးနှောက်ရဲ့ အရွယ်အစားက တစ်ပေါင်ကနေ သုံးပေါင်အထိ လေးလံသလို ဦးနှောက်ရဲ့ ၇၅ ရာခိုင်နှုန်းကို ရေတွေနဲ့ဖွဲ့စည်းထားပါတယ်။ ဒါကြောင့် ဦးနှောက်ကောင်းအောင် ကလေးတို့က ရေများများသောက်ပေးဖို့လိုပါတယ်။ အသက် ၁၈ နှစ်မပြည့်မချင်း ဦးနှောက်ရဲ့ အရွယ်အစားက ပြောင်းလဲတတ်သလို သူ့မှာ အာရုံခံနိုင်ဖို့အတွက် ဘီလီယံနဲ့ချီတဲ့ အာရုံခံဆဲလ်တွေရှိပါတယ်။

ကလေးတို့ အိပ်နေပေမယ့် ဦးနှောက်က အခြားခန္ဓာကိုယ် အစိတ်အပိုင်းအချို့လိုပဲ အလုပ်လုပ်နေပါတယ်။ ဥပမာဆိုရင် ကလေးတို့ အိပ်နေစဉ်မှာ အိပ်မက်မက်နိုင်တာကို သိနိုင်မှာပါ။ ဦးနှောက်ရဲ့ အာရုံခံတဲ့စနစ်ဟာ သိပ်ကို လျင်မြန်ပြီး တစ်နာရီကို မိုင် ၂၅၀ နှုန်း (ကျည်ဆန်ရထား) လောက်ကို မြန်ပါတယ်။ ဥပမာပြောရရင် ကလေးတို့ ခြေလက်ကလေးတွေလှုပ်ရှားဖို့ ဦးနှောက်က မြန်မြန်ဆန်ဆန် လုပ်ဆောင်ဖို့ တာဝန်ပေးတာပါ။ အံ့သြစရာကောင်းတာက အသက် ၂၀ ကျော်လာပြီဆိုတာနဲ့ မေ့လျော့တတ်လာပါတော့တယ်။

ဝမ်းနည်းမှု၊ ကြောက်ရွံ့မှုတွေကို ခံစားရတဲ့အခါ ဦးနှောက်ရဲ့ မှတ်မိနိုင်စွမ်းက လျော့ကျသွားနိုင်သလို ဂိမ်းတွေကို စွဲစွဲလမ်းလမ်း ဆော့ကစားရာကနေ ဦးနှောက်ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်သွားတတ်ပါတယ် ကလေးတို့ရေ။ ဦးနှောက်ဟာ ကလေးတို့ ခန္ဓာကိုယ်ကြီးအတွင်းက အောက်ဆီဂျင်နဲ့ သွေးတွေရဲ့ ၂၀ ရာခိုင်နှုန်းကို အသုံးပြုရယူထားတာကြောင့်လည်း ကလေးတို့ ကျန်းမာနေတဲ့အချိန်ဆိုရင် လန်းဆန်းတက်ကြွနေစေတာပေါ့။

ဦးနှောက်ဟာ အရေးကြီးတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တာမို့ ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်တာ မဖြစ်ရအောင် ကလေးတို့က သတိထားဖို့လိုပါတယ်။ ဦးနှောက်အတွက် အရေးကြီးဆုံးက မထိခိုက်မိအောင် နေထိုင်တာ၊ ဦးနှောက်အကျိုးပြုတဲ့ အစားအစာတွေ စားသုံးတာနဲ့ အိပ်ရေးဝဝ အိပ်စက်တာတွေဖြစ်ပါတယ်။ ဒါ့အပြင် ကလေးတို့ကို သတိပေးလိုတာကတော့ စိတ်ခံစားမှု များပြားတာ၊ ကွန်ပျူတာတွေ၊ ဖုန်းတွေနဲ့ တီဗွီတွေကို အချိန်အကြာကြီး ကြည့်ရှုတဲ့အခါတွေမှာလည်း ဦးနှောက် မကျန်းမာမှုကို ခံစားရတတ်ပါသေးတယ်။

ဦးနှောက်ဟာ ဆရာဝန်တွေ၊ သိပ္ပံပညာရှင်တွေအတွက် ယနေ့အထိ ခက်ခဲနက်နဲတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းကြီးဖြစ်ပြီး ထူးထူးဆန်းဆန်းတွေ့ရှိချက်တွေ မကြာခဏ ထွက်ပေါ်လာတတ်တာ ရာစုနှစ်များစွာကတည်းကနေ ယနေ့အထိပါပဲ။ ဦးနှောက်ရဲ့ လှုပ်ရှားမှုတွေမလုပ်တော့ဘူးဆိုရင် သတ္တဝါတိုင်းဟာ မကြာမီမှာ သေဆုံးရတော့မှာဖြစ်ပြီး အဲဒါကိုတော့ (Brain Death) လို့ ခေါ်ပါတယ်။ ဦးနှောက်သေဆုံးသွားပြီး မိနစ်ပိုင်းအထိ ခန္ဓာကိုယ်ရဲ့ အရေးကြီးတဲ့ သွေးလည်ပတ်မှုစနစ်က ရှိနေနိုင်ပါသေးတယ်။ သွေးလည်ပတ်မှုစနစ်ကိုတော့ အဓိကအားဖြင့် နှလုံးက ထိန်းချုပ်ပါတယ်။ ဦးနှောက်လှုပ်ရှားမှု ရပ်တန့်သွားပြီး နှလုံးခုန်နေသေးတယ်ဆိုရင်တော့ လူနာရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို သူသာဆန္ဒရှိမယ်ဆိုရင် လိုအပ်တဲ့သူတွေဆီ လှူဒါန်းပေးနိုင်ပါတယ် ကလေးတို့ရေ။ ॥



## လောကဝတ် (Etiquette)

မမမေ

# ဟန်အမူအရာကနေပြသတဲ့ ယဉ်ကျေးပျူငှာမှုလေးတွေ (Body Language)

**မင်္ဂလာပါကလေးတို့ရေ၊ ကလေးတို့ကို မမကမေးစရာတစ်ခုရှိပါတယ်။ ကလေးတို့မှာ နေ့စဉ်ကြုံရတဲ့ထဲက ပြောစရာရှိတဲ့အခါ၊ သိလိုတာရှိတဲ့အခါ ကလေးတို့ရဲ့ ပြောစကားတွေ၊ မေးစကားတွေကို မသိချင်ယောင်ဆောင်ပြီး ပြန်မဖြေကြတာမျိုး ကြုံဖူးကြသလား။ တော်တော်ကို စိတ်တိုစရာပဲနော်။ ဒါမှမဟုတ် ကလေးတို့က ဖော်ဖော်ရွေရွေနဲ့ နှုတ်ဆက်တာကို ခပ်တည်တည်နဲ့ မသိသလိုနေတဲ့သူတွေကိုရော ကြုံဖူးကြသလား။**



သူတို့တွေကအမှန်တော့ လောကဝတ်တွေအကြောင်း ကလေးတို့လောက် မသိကြသူတွေသာ ဖြစ်ပါတယ်။ ကလေးတို့ကိုယ်တိုင်ကတော့ အဲဒီလိုလူမျိုးတွေနဲ့တွေ့တိုင်း ကလေးတို့ဟာ ဘယ်လောက်အထိ လိမ္မာရေးခြားရှိတယ်၊ ယဉ်ကျေးပျူငှာတယ်ဆိုတာကို ပိုပြီးသိအောင် ဖော်ထုတ်ဖို့ လိုပါတယ်။ ဒေါသထွက်ပြီး စိတ်ဆိုးနေမယ့်အစား အဲဒီအမူအရာတွေဟာ ရှက်စရာကောင်းတယ်၊ မယဉ်ကျေးဘူးဆိုတာကို သူတို့သိအောင် ကူညီပေးဖို့ ကလေးတို့ကပိုပြီး



နေထိုင်တတ်ကြရမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အမူအရာတွေကနေ ကလေးတို့တွေ သတိပြုစရာ အကြောင်းအရာတွေကို ပြောပြပေးချင်ပါတယ်။

ကလေးတို့ဟာ အမူအရာတွေကို တစ်ဖက်သား သိအောင်ပြသတဲ့အခါ အထူးဂရုပြုသင့်တာကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်၊ သူတစ်ပါးအပေါ်ကိုလည်း လေးစားမှုရှိရမယ်၊ ပြီးတော့ ပေါ့ပျက်ပျက် ပြောင်ချော်ချော် အမူအရာမျိုးကို လုံးဝမလုပ်ရဘူးဆိုတာပါပဲ။ ကဲဒါဆိုရင် အမူအရာကနေ ပြသရမယ့်အရာတွေကို မမပြောပြမယ်နော်။

### လက်တွေဘယ်မှာထား

ကလေးတို့ဟာ အများနဲ့စကားပြောတဲ့အခါ လက်တွေကို အိတ်ကပ်ထဲနှိုက်ထားတာတွေ၊ အနောက်ကို ပစ်ထားတာတွေကို မလုပ်ဘဲ သက်သောင့်သက်သာ အနေအထားနဲ့ လက်ကိုချထားဖို့လိုပါတယ်။ လက်ဟန်တွေနဲ့ စကားပြောတာဟာ တစ်ခါတစ်ရံမှာပဲကောင်းပြီး စကားပြောရင် လက်ကိုအမြဲတမ်း လှုပ်ရှားနေတာမျိုး မလုပ်သင့်ပါဘူးနော်။ လက်တွေကို လိုအပ်မှသာ လှုပ်ရှားခြင်းဟာ ရိုးသားပြီး သဘောကောင်းတဲ့ ကလေးလေးတွေလို့ လူတွေက သတ်မှတ်ကြမှာပါ။

### လေးလေးစားစားကြည့်ပါ

သူငယ်ချင်းနဲ့ စကားပြောနေတာကို သူက ကလေးတို့ကို မကြည့်ဘဲ အခြားကို ငေးမောနေတာမျိုး၊ စကားပြောနေတုန်း မျက်လုံးကဟိုကြည့်ဒီကြည့်ကြည့်နေတာမျိုးကို ကလေးတို့ရော မြင်ဖူးကြသလား။ ကလေးတို့ကိုယ်တိုင်လည်း အဲဒီလိုမျိုး သူများအပေါ် မလေးမစားမလုပ်သင့်ပါဘူးနော်။ ကိုယ့်ကို ပြောတဲ့အခါ၊ ကိုယ်က ပြန်ပြောတဲ့အခါ မျက်လုံးချင်းဆုံပြီး ပြောပြပေးဖို့လိုပါတယ်။ ကလေးတို့ကို အမူအရာကနေပြသနေတဲ့ ယဉ်ကျေးဖွယ်ရာမှုလေးတွေကို နောက်တစ်ပတ်မှာ ဆက်ပြီးပြောပြပေးသွားမယ်နော်။ ပျော်ရွှင်ပြီး အလိုက်သိတတ်ပါစေ ကလေးလေးတို့ရေ။





HTOO
ဦးလေး..ကျွန်တော်တို့ ပိုက်ဆံအိတ်ကောက်ရလို့... ဒီမှာ...
ဘယ်အနားက ကောက်ရတာလဲ..
ပဲ့ဝိုလမ်းမ ပေါ်ကတွေ့တာ..ပစ္စည်းကောက်ရရင် ပိုင်ရှင်ရှာဖွေပြီး ပြန်ပေးရမယ် ဆိုတာ ကျွန်တော်တို့ သိပါတယ် ဦးလေး..
လူကြီးမိဘတွေက လည်းမှာထားပါတယ်
အေးကွာ..လမ်းသွားရင်း ထွက်ကျတာဖြစ်မယ်...
ပိုင်ရှင်ခမျာ နှမြောရှာမှာပဲကွာ...
ပိုက်ဆံတစ်ပြားမှမပါတဲ့ဟာ..ဘာကို နှမြောရမှာလဲ ဦးလေးရယ်...
ပိုက်ဆံမပါပေမဲ့..နိုင်ငံသားစိစစ်ရေးကတ်ပြားနဲ့ စာရွက်စာတမ်းတွေပါတော့ ပိုင်ရှင်ကိုဆုံးမပို့ လွယ်တာပေါ့..
တချို့ စာရွက်စာတမ်းတွေက ကိုယ့်အတွက် ဘာမှမဟုတ်ပေမယ့်ကျပျောက်တဲ့ သူအတွက်အင်မတန်တန်ဖိုး ရှိတဲ့အရာဖြစ်ချင် ဖြစ်နေတတ်တာကွ
ဟဲလို... ငါ့နာမည် ဘယ်သူလဲ ဟင်...
ဒါကြောင့်..ကောက်တွေ့တဲ့ပစ္စည်းမှန်သမျှ မူလပုံစံအတိုင်း ပိုင်ရှင်လက်ထဲကို အပ်နှံနိုင်ခြင်းဟာ အမွန်မြတ်ဆုံးသောလုပ်ရပ်အဖြစ် လုပ်ယူရမှာ..မှတ်ထားနော်...
ဟုတ်ကဲ့ပါ...




ဖိုးသာထူး
နင်တို့ ရွှန်စားရတာ..ကြိုက်လား
ဟဲ.. ရွှန်စားတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ
ငါကတော့ ရွှန်စားရတာကို..ကြိုက်တယ်
ဒါဆို နင်က..လူစွမ်းကောင်းကြီးပေါ့..
ဟုတ်ပါဘူး ဟာ..
ငါပြောတဲ့ ရွှန်စားရတာကိုကြိုက်တယ် ဆိုတာက..
ဘုရားဆွမ်းတော်တင်တဲ့ မုန့်တွေကို..ရွှန်ပြီး 'စား'ရတာကြိုက်တယ်ပြောတာ
ဟီး




ခံဖောတစ်ယောက် မြေခွင်တာကြာပြီ
ရပ်ထားတဲ့ယမ်းကြိုက်စက်ကို ပိတ်ထိုက်တာ ကြားမိလို့လားဘူး
ဒီသူယယ် ချာချာ လှ သကွယ်..
ငါ့ချာက ချောဘူး ရှယ်ပဲ
အဆော့လိုင်း ဖွတ်လည်း ချာချာ အဆူလိုင်း ဖြတ်လည်း ချာချာ...
ဟော!
အဆူလိုင်းအဆော့လိုင်းထက် အခုလိုင်းက ပိုဆိုးတယ် ဘွားဘွားရေ....
ဒီတိုရွာထဲမှာရပါလယ်နဲ့ ကယ်ထားသလိုဘွားဘွားရဲ့
ကလေးတွေ ရွှရန်ပြုက လိုက်တာ သူ့သိမ်းယောကျ်ား ဖြစ်တာ ဘာလိုင်း တုံးဟဲ့
အချုန်းလိုင်း ဘွားဘွားရဲ့ အချုန်းလိုင်း


ဝေ့(ဖ်)မန်းနီး
ပိုက်ဆံရှာရတာ - မလွယ်ဘူး သမီးရဲ့ -
ဖေဖေ - ဘယ်ကဖုန်းလဲ -
ဆရာ့စာမူခ ဝေ့(ဖ်)မန်းနီး (WAVE MONEY) နဲ့ ပို့ပေးလိုက်ပါပြီ -
လာဟေ့ - သမီး - လမ်းထိပ်က ဝေ့ဖ်ဆိုင် သွားကြမယ် -
ဟုတ်ကဲ့ - ငွေထုတ်ချင်လို့ ပါခင်ဗျာ -
WAVE MONEY
မာလာရှမ်းကောစားချင်တယ်ဆို - အမေ ဒီ ပိုက်ဆံတွေ ထုတ်လာပြီ - သွားစားကြမယ် -
ဝါး - မန်းနီး - -


ဦးဖိုးနီကြီးရဲ့ ဂိုဒေါင်ဘက် ကို မသွားနဲ့နော်
ဟာ သရဲကလူ့အသံ ထွက်တယ်ဟ...


ဘာ ပြောမလို့ လဲ ။
နင် သိတာနဲ့ အရောမဝင်နဲ့ ၊
ဘယ်သိတာလဲ ၊
တောကနေ ပြောင်းလာတဲ့ ကျောင်းသူအသစ် တော သူမလေဟာ ။
ဟယ် ။ ဘာဖြစ်လို့လဲဟ ၊ တို့တွေက တစ်ကျောင်းတည်းနေကြတဲ့ ကျောင်းသားအချင်းချင်းပဲ ဟာ ။
ငါတို့နဲ့ သူနဲ့ ပုံစံ အခြေအနေချင်း မတူဘူးလေ ။
ဆရာမကလည်း ဘာလို့များ သူ့ကို အရေးပေး ဆက်ဆံနေလဲ မသိဘူး ။
ရှင်းပါတယ်ကွာ ၊ နင့်လို အဆင့်အတန်း ခွဲတဲ့စိတ် မရှိလို့ပေါ့ဟ ။

## မီးခိုးငွေ့ ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြော

**မိုင်းယောင်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မီးခိုးငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မုန်းလိုက်ကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်နှင့် မြို့နယ်အဆင့် တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုအား ကာကွယ်ထိန်းချုပ်နိုင်ရေးကော်မတီဝင်များက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး၊ တောမီးနှင့် အကြောင်းအမျိုးမျိုးကြောင့် အခြားမီးလောင်ကျွမ်းမှုများ ကာကွယ်ထိန်းချုပ်နိုင်ရေး အကြောင်းအရာများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## မွန်ပြည်နယ်၌ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်နယ်ရောင်းဝယ်ရေး အရာရှိရုံး(မွန်/ကရင်ပြည်နယ်)၌ မွန်ပြည်နယ် (၁၀) မြို့နယ်ရှိ စက်သုံးဆီဆိုင်များမှ ပိုင်ရှင်များနှင့် ဝန်ထမ်းများအား ဆီဆိုင်မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုများ သရုပ်ပြသခြင်းကို ယမန်နေ့က ပြုလုပ်သည်။

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ရဲမင်းနှင့်အဖွဲ့က စက်သုံးဆီဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် အချိန်မရွေးဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် ထိထိရောက်ရောက် မီးငြိမ်းသတ်နိုင်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

## ကျောက်ကြီးမြို့၌ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူအား ထောက်ပံ့

**ကျောက်ကြီး ဇန်နဝါရီ ၁၈**

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က တောင်ယာခုတ်ရန် အငှားလိုက်သွားစဉ် လက်လုပ်မိုင်း နင်းမိခဲ့သော ကျောက်ကြီးမြို့ သပြေကုန်းကျေးရွာနေသူ မောင်အောင်ကိုမင်း (၁၈)နှစ်အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဇန်နဝါရီ ၁၆ ရက်တွင် ၎င်း၏ နေအိမ်၌ ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

ကျောက်ကြီးမြို့နယ်အတွင်း ယခုအချိန်ထိ စစ်တမ်းများအရ မိုင်းအန္တရာယ်ကြောင့် ကိုယ့်လက်အင်္ဂါစွန့်လွှတ်လိုက်ရသူ ၃၀၀ ကျော်အထိရှိကြောင်း မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ သိရပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကွင်းဆင်း၍ လာရောက်ထောက်ပံ့ပေးမှုကို မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌဦးအောင်သင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဘုန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ဇန်နဝါရီ ၉ ရက်က ဟင်းသီးဟင်းရွက်ခူးရန်သွားရောက်ခဲ့ပြီး အပြန်တွင် လက်လုပ်မိုင်းထိခိုက်ဒဏ်ရာရရှိသဖြင့် ရန်ကုန် ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကျောက်ကြီးမြို့နယ် ခဲဒိုးကျေးရွာအုပ်စု၊ မူသဲကျေးရွာနေသူ မောင်လူအောင် (၃၉)နှစ် အားလည်း ကြက်ခြေနီအသင်း (ရန်ကုန်)မှ ငွေကြေးသွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး (ကျောက်ကြီး)**

## ထီးလင်းမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့မဈေးကြီး၌ ယမန်နေ့က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။

ထိုသို့ သရုပ်ပြ လေ့ကျင့်ရာ၌ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိ ဦးဘွေကီးအောင်နှင့် ဈေးသူဈေးသားများ ပါဝင်၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

## ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်ငှားရမ်းပေး

**ကရသူရိ ဇန်နဝါရီ ၁၈**

ရပ်ကွက်နေ မိဘပြည်သူများနှင့် စာပေဝါသနာရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ အားလပ်ချိန် စာပေဗဟုသုများ ရှာဖွေဖတ်ရှုနိုင်ရန်အတွက် ရပ်ကွက်နှင့် ရုံးဌာနသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်ငှားရမ်းပေးခြင်းကို ဇန်နဝါရီ ၁၆ ရက်က ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ မြို့ပေါ် ရပ်ကွက်အချို့နှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်ငှားရမ်းခြင်းများ ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ၊ မဂ္ဂဇင်းများနှင့် စာအုပ်မျိုးစုံဖြင့် သွားရောက် ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၆၆ ရွာအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများ နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယခု ဘဏ္ဍာရေးနှစ်တွင် ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာ ၁၆၆ ရွာအတွက် ငွေကျပ်သန်း ၂၈၀၀ ကျော်အသုံးပြုကာ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



ချောက်မြို့နယ် ဆူးတပ်ကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ပေးနေစဉ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ယခင်နှစ်က ရေရှားပါး၍ ရေပေးဝေခဲ့ရသော ကျေးရွာများနှင့် အခြားရေရှားသော ကျေးရွာများကို ဦးစားပေးကာ တွင်းနက် စက်ရေတွင်း ၇၈ တွင်း၊ တွင်းတိမ်စက်ရေတွင်း လေးတွင်း၊ လက်တူးတွင်း သုံးတွင်း၊ မြေသားရေကန် ၃၆ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၁ ခု၊ အခြားရေရရှိရေးလုပ်ငန်း ၃၄ စုစုပေါင်း ရေရှိရေးလုပ်ငန်းပေါင်း ၁၆၆ ခုကို ငွေကျပ် ၂၈၄၈ ဒသမ ၈၅၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတွင် အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင် (သို့မဟုတ်) ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် အလျား ၁၀ပေ အနံ ၈ ပေ အမြင့် ၈ ပေ ရှိ ရေစက်ရုံတစ်ခုစီ၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်းနှင့် လက်နှိပ် တုံကင်တပ်ဆင်ခြင်း၊ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတွင် ရေတားတမံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်လုပ်ငန်းများ ပါဝင်ပြီး အချို့ကျေးရွာများတွင် အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ပါဝင်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးအောင်က ပြောသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာအချို့ဟာ ဆိုရင် နှစ်စဉ်ရေရှားပါးလို့ ရေဝေပေးနေရတာတွေ ရှိပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့တော့ ယခုဘဏ္ဍာနှစ်မှာ ယခင်နှစ်က ရေဝေခဲ့ရတဲ့ ကျေးရွာတွေနဲ့ အခြားရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတွေ ဦးစားပေးရွေးချယ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ညွှန်ကြားမှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကျေးရွာတွေမှာ အရေးပေါ်ရေရှားပါးမှုတွေ ကြုံတွေ့လာရင်လည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများသောက်သုံးရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၅၀၅ ဒသမ ၆၇၇ သန်းဖြင့် ကျေးရွာပေါင်း ၁၄၁ ရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်း ၁၄၁ ခုကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ် ရေလမ်းမိုင် ၁၈၀ အတွင်း၌ ရေပေါ်ကမ်းပေါ် လမ်းညွှန်အမှတ်အသားများ လုပ်ဆောင်

**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်း မိုင် ၁၈၀ ဖြတ်သန်းစီးဆင်းသွားသော ဧရာဝတီမြစ်ရေ လမ်းကြောင်း၌ ခရီးသည်တင်နှင့် ကုန်တင် သင်္ဘောရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်အတွက် ရေပေါ်၊ ကမ်းပေါ် အမှတ် အသားစိုက်ထူပြသခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်မှစ၍ လုပ်ဆောင်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ဒေသ(၄) တိုင်းဒေသကြီးရုံးမှ သိရသည်။

ပခုက္ကူမြို့နယ် လမ်းရွာမှ ညောင်ကျထိ ၅၃ မိုင်၊ ညောင်ကျမှ မင်းလှ မြို့ထိ ၄၂ မိုင်၊ မင်းလှမှ အောင်လံမြို့ထိ ၄၉မိုင်၊ အောင်လံမှ ကံမမြို့နယ်၊ စစ္စရုံရွာထိ ၃၆ မိုင် စုစုပေါင်း မိုင် ၁၈၀ အတွင်း၌ ရေလမ်းပိုင်း လေးပိုင်းခွဲ၍ လုပ်ဆောင်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ရေပေါ်ပြ အမှတ်အသား ၁၈၀ နှင့် ကမ်းပေါ်ပြအမှတ်အသား ၁၀၀၊ ဖေဖော်ဝါရီလတွင် ရေပေါ်ပြအမှတ်အသား ၁၈၀ နှင့် ကမ်းပေါ်ပြအမှတ်အသား ၁၁၀ တို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

"သင်္ဘောတွေ၊ ရေယာဉ်တွေ သွားလာမှု အန္တရာယ်ကင်းအောင် ရေလမ်းကြောင်းတွေ ရှာဖွေပြီး ရေလမ်းညွှန်အမှတ်အသားတွေ ပြသဖို့လုပ်နေပါတယ်။ ဥပမာပြောရရင် ဗောဖြူ အမှတ်အသားကိုမြင်တာနဲ့ ရေယာဉ်တွေဟာ အစုန်ရော၊ အဆန်ရော ဗောဖြူကို လက်ယာထားပြီး သွားရတာ။ ဂိုလာနီအမှတ် အသားပြထားရင် ကမ်းရဲ့ အနီးမှာ ကျောက်ဆောင်၊ သင်္ဘောအမြုပ် ဒါမှမဟုတ် သစ်ပင် အမြုပ်တွေ ရှိနေတယ်။ အန္တရာယ်ရှိတယ်ပေါ့။ ဒီလိုမျိုးတွေပြတာပါ။ အန္တရာယ်ပြနဲ့ လမ်းညွှန်ပြ အမှတ်အသားတွေကို တွဲပြတာတွေ လည်း လုပ်နေပါတယ်"ဟု ရေလမ်းညွှန်ဌာနစု လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင် က ပြောသည်။

ရေယာဉ် မောင်းနှင်သူများက ဖြတ်ကူးရန်ပြ ၊ ဖြတ်ကူးထပ်ကြောင်းပြ၊ ကမ်းကပ်မောင်း ရန်ပြ၊ ကမ်းနီးအန္တရာယ်ပြ၊ ကမ်းဝေးအန္တရာယ်ပြ၊ ကြေးနန်းကြိုးမြုပ်ပြ၊ ရေကြောင်း ပိတ်ပြ၊ ရေပေါ်တံစုန်း၊ ရေမြုပ်တံစုန်း၊ ရေယာဉ်မြုပ်ပြ၊ ရေယာဉ်သွားလမ်းကြောင်းပြ အမှတ်အသားများနှင့် ရေယာဉ်များကို လက်ဝဲဘက်ထားသွား (ဗောနီ)၊ လက်ယာဘက်ထားသွား (ဗောဖြူ)၊ ကျောက်ဆောင်နှင့် တံစုန်းပြ (ဗောနက်) အမှတ်အသားများကို ကြည့်ရှု၍ အန္တရာယ်ကင်းအောင် မောင်းနှင်ကြရမည်ဖြစ်သည်။



ဧရာဝတီမြစ်ရေလမ်း မိုင် ၁၈၀ အတွင်း ရေပေါ်လမ်းညွှန်အမှတ်အသားများ ပြုလုပ်နေစဉ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်ထိကို ရေနည်းချိန်ကာလအဖြစ် သတ်မှတ်ထားပြီး မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်ရေလမ်းအတွင်း၌ ရေစူးအနက် ငါးပေထိသာ ဝန်တင်၍ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ ရေလမ်းအခက်အခဲရှိသည့် ရေလမ်းများတွင်လည်း စခန်းချရေလမ်းညွှန်လုပ်ငန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစီးဌာနအနေဖြင့် ပုံမှန်မြစ်ရေရှိချိန်များတွင် ရေပေါ်ပြအမှတ်အသား ၁၀၀ နှင့် ကမ်းပေါ်ပြအမှတ်အသား ၈၀ ခန့်သာ ထားလေ့ရှိသော်လည်း ရေနည်းချိန်ကာလ၌ ပုံမှန်ရေရှိချိန်ကာလများထက် ပိုမိုတိုးမြှင့်လုပ်ဆောင် ပေးမည်ဖြစ်ကြောင်း ၊ ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလတွင် ရေများချိန်ဖြစ်၍ အမှတ်အသားပြလုပ်ငန်းများနားထားပြီး ကျန်အချိန်များတွင် ရေယာဉ်များသွားလာမှုကို အထောက်အကူပြုနိုင်ရန် စီစဉ်ထားရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

**ဇေယျာတု(မကွေး)**

## ပခုက္ကူတက္ကသိုလ်တွင် လုံခြုံရေး(အစောင့်)ဝန်ဆောင်မှုပေးရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပခုက္ကူတက္ကသိုလ်ဝင်းအတွင်း နယ်မြေလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ၂၀-၁-၂၀၂၀ ရက်မှ ၃၀-၁-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ပခုက္ကူတက္ကသိုလ် ဘဏ္ဍာဌာနတွင် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၉၆၂၇၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်လက်ခံရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 30(T)/YESC/ 2019-2020 | စီမံရေးဌာန ၊ ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ရေးဌာနခွဲမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် | ၁၇.၂.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၀.၁.၂၀၂၀) မှ (၁၄.၂.၂၀၂၀)ထိ

တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့ ၊ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၀)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ စခန်းနှင့် အရောင်းဆိုင်များရှိ ဓာတ်ဆီ ၁၆၁၃ ဂါလန်နှင့် ဒီဇယ်ဆီ ၆၂၄၅၁ ဂါလန်အား မျက်မြင်အခြေအနေအတိုင်း သံကန်အပြောင်းရှင်းစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါစာအိတ်များကို ၁၈-၂-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁-၂၀၂၀ ရက်မှစတင်၍ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)၊ဘဏ္ဍာရေးဌာန(လင်းစဒေါင်း) ရန်ကုန်နှင့် မန္တလေးပင်မဌာနကြီးတို့တွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၄၉၂ နှင့် ၀၆၇-၃၄၁၁၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊နေပြည်တော်**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း လုပ်ငန်းတင်ဒါအမှတ်စဉ်(၃/၂၀၁၉-၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်လမ်းဦးစီးဌာနများမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၇၁-၂၃၇၆၄သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃-၂-၂၀၂၀ရက်

(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက်** - ၁၇-၂-၂၀၂၀ရက် ညနေ(၁၆:၀၀)နာရီထိ

(ဂ) **တင်ဒါအာမခံကြေး(PO) တင်သွင်းရမည့်ရက်** - ၁၈-၂-၂၀၂၀ ရက် ညနေ(၁၆:၀၀)နာရီထိ

(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ထပ်မံကြေညာပါမည်။

(င) **တင်ဒါလျှောက်လွှာတင်သွင်းရမည်နေရာ** - ထပ်မံကြေညာပါမည်။

(စ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်။

**တင်ဒါကော်မတီ**

## ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ကုန်ထုတ်လမ်း/တံတားလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သောအနောက်ပိုင်းဒေသများစိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(WSAP)ဖြင့်ဆောင် ရွက်မည့် မင်းတပ်မြို့နယ်နှင့်ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်း/တံတားနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် စတင်ရောင်းချမည်။ တင်ဒါလျှောက်လွှာများကို ၂၀-၂-၂၀၂၀ရက်(၁၆:၃၀)နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးတွင် တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ၀၇၀-၂၂၅၅၀ နှင့် ၀၇၀-၂၂၅၅၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း၊တံတား၊ ရေမြောင်း၊ ပလက်ဖောင်း၊ လျှပ်စစ်မီးလုပ်ငန်း(၈)ခုနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၁-၁-၂၀၂၀ရက်

တင်ဒါပုံစံပိတ်မည့်ရက် - ၁၉-၂-၂၀၂၀ရက် (၁၆:၀၀)နာရီ

တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/ တံတား)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၈၂၅၄၅၂၉၄

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင် သိပ္ပံ(ဗဟန်း)တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေစာရင်းတွင်ရှိပါသည့် အောက်ဖော်ပြပါ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းအသုံးစရိတ်တည်ဆောက်ရေး လုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင်သိပ္ပံ(ဗဟန်း) အမှတ် ၁၄/၂၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်**

**Lot(1)** Teacher Residence, Two storyed RCC Building(17.8mx13.6m),(Road Way, Car Parking, Water Tank, Drain and Drain Cover Work,Box Culvert အပါအဝင်၊

**Lot(2)** Teacher Residence,Three storyed RCC Building(22.3mx20.1m)(Road Way, Car Parking, Water Tank,Drain and Drain Cover Work, Box Culvert အပါအဝင်

**Lot(3)** အဆောက်အဦ(၅)လုံးအကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများBuilding-1 (၁၅၀ပေxပေ၅၀)(၁)ထပ်၊ Building-4(၁၀၀ပေx၂၄ပေ)(၂)ထပ်၊ Building-5 (၁၀၀ပေx၂၄ပေ)(၂)ထပ်၊ Building-6(၇၀ပေx၂၄ပေ)(၂)ထပ်၊ Auditorium (၉၆ပေx၆၈ပေ)(၁)ထပ်တို့အား အမိုးမျက်နှာကြက်ပြုပြင်ခြင်း၊ အတွင်းလျှပ်စစ်ပြုပြင်ခြင်း၊ သန့်စင်ခန်းများပြုပြင်ခြင်း၊ ဆေးသုတ်ခြင်း။

**Lot(4)** 630 KVA Transformer နှင့် ပြင်ပမီးလိုင်းသွယ်တန်းခြင်း (11 KV,မြေအောက်မီးလိုင်းသွယ်တန်းခြင်း၊ ၂၇၀၀ပေ)

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** -၂၂-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)

**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၂-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ

**တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** - နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၂-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀:၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးအချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင်သိပ္ပံ(ဗဟန်း) ဖုန်း-၀၉-၈၉၉၈၈၈၀၇၀၊ ၀၁-၅၄၄၉၄၈**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရေိယာ ၀ဒသမ၀၅၅ကေရှိ ဦးခင်ဝင်း ၁၂/ဥကမ(နိုင်)၀၄၃၁၉၂(ဘ)ဦးတင်ရွှေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၄၅၀၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၈၂/၂၀၁၅ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်ရရှိထားသူ ဦးမာမိုက်ကျဲ ၁၃/ကခန(နိုင်)၀၁၉၀၄၄(ဘ) ဦးမာဖူးအန်းမှ ဦးရွှေကြိုင် ၇/ညလပ(နိုင်)၁၃၂၄၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၂၀က/၂-ခလယ်ကုန်း၊ ဦးပိုင်အမှတ် ၁၈၂/၁၊ မြေရေိယာ ၀ဒသမ၂၈၇ ကေရှိ မြေကွက်အား ဦးဇယ်ဒေါင် ၁/မကန(နိုင်)၀၇၀၇၀၄အမည်ဖြင့် အမှုတွဲအမှတ် ၅၄၉(၃)/(၂၀၀၀-၂၀၀၁)အရ ၁၆-၄-၂၀၁၅ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အမည်ပေါက်သူ ဦးဇယ်ဒေါင်သည် ၁၂-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သဖြင့် မူလဂရန်အမည်ပေါက်သူ ဦးဇယ်ဒေါင်၏တရားဝင်ဇနီး ဒေါ်ခေါန်မိုင် ၁/မကန(နိုင်)၀၇၀၇၀၁မှ မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၃-၄-၂၀၁၇ ရက်စွဲပါ စာမှတ်ပုံတင်အမှတ် ၃၄/၂၀၁၇ဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေငှားဂရန်အား ဒေါ်ခေါန်မိုင် ၁/မကန(နိုင်)၀၇၀၇၀၁ အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားဆောင်ရွက်နိုင်ရန်တင်ပြလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-15(T)MESC/2019-2020 | ၁၁/၀.၄ကေဗွီ၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ(၂၅)လုံးအား (1 Lot)ဈေးနှုန်းဖြင့် ဝယ်ယူခြင်း |
| (ခ) | 1-16(T)MESC/2019-2020 | ညောင်ဦးခရိုင်သို့ ဓာတ်အားပို့လွှတ်သည့် ၆၆ကေဗွီ ချောက်-ညောင်ဦး ဓာတ်အားလိုင်း (၂၈.၁)မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ၁၂မီတာ ကွန်ကရစ်တိုင်(၇၁၀)လုံး ဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၁-၂၀၂၀ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၉-၂-၂၀၂၀ရက်(၁၄:၀၀) နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါ သည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)၊ ၂၇လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ဖုန်း-၀၂-၄၀၆၉၁၂၂**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန (၅/၂၀၁၉-၂၀၂၀)ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများ တန်၂၄၅၂၀ ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ကြို့ကုန်းသစ်တောဝင်း၊တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(အထူး)အိတ်ဖွင့်တင်ဒါ** - (၄/၅/၆-၂-၂၀၂၀) ရက် နံနက် ၈:၀၀ နာရီမှစတင်မည်

- ပြည်ထောင်စုနယ်မြေ၊နေပြည်တော်/ရန်ကုန်တိုင်းဒေသကြီး/ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်/အရှေ့)/မန္တလေးတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/တနင်္သာရီတိုင်းဒေသကြီး/ ကချင်ပြည်နယ်/မွန်ပြည်နယ်/ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း)/ရခိုင်ပြည်နယ်

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၄၀၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးနည်းပညာတက္ကသိုလ် (၂၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်တွင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် နောက်ပိုင်းမှစ၍ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဇီဝနည်းပညာဆိုင်ရာဘွဲ့၊ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ရရှိခဲ့သူများအတွက်ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၃-၂-၂၀၂၀ရက် တနင်္ဂနွေနေ့

**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ (ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး)
- မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီအထိ (အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့သင်တန်းများအားလုံး)

**ကျင်းပမည့်နေရာ** - မန္တလေးနည်းပညာတက္ကသိုလ်

**ဘွဲ့နှင်းသဘင်ကြေး** - တက်ရောက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) အဝေးရောက် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) (လျှောက်လွှာနှင့်အတူပေးသွင်းရန်)

**အစမ်းလေ့ကျင့်ရက်** - ၂၂-၂-၂၀၂၀ရက် (စနေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ (ပါရဂူဘွဲ့၊ မဟာဘွဲ့၊ အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ သင်တန်းများအားလုံး)

**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၁-၁-၂၀၂၀ရက်မှ ၇-၂-၂၀၂၀ရက်ထိ

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်)အဝေးရောက် ယူမည်ကို တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်း ရိုက်ကူးထားသော ၂လက်မx၁လက်မခွဲ အရွယ်ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ခဲ့ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရမည်။

၃။ ဘွဲ့ယူမောင်မယ်များသည် (မြန်မာဝတ်စုံ)သို့မဟုတ် (တိုင်းရင်းသားဝတ်စုံ)သို့မဟုတ် (အနောက်တိုင်းဝတ်စုံ)အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၄။ ဘွဲ့ဝတ်စုံများကို ၁၇-၂-၂၀၂၀ရက် နံနက်(၁၀:၀၀)နာရီမှစ၍ သင်တန်းရေးရာဌာနတွင် ထုတ်ပေးမည်ဖြစ်သည်။

**မှတ်ချက်** ။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာန (ဖုန်း-၀၉-၂၀၁၆၅၀၉၊ ၀၂-၅၇၃၆၃)တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊သင်တန်းရေးရာ**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

ဦးလျှံလူထန်းငါ၏သမီး ကလေးမြို့ မောက်လင်းကျေးရွာအုပ်စုနေ မလားအဲင် ကောလီး ၅/ကလထ(နိုင်)၂၂၀၁၀၃၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## အမည်ပြောင်း

ဦးရန်နိုင်ထွန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ မဆုမြတ်ဝေအား မမေသော်တာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မမေသော်တာထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ဓာတုဗေဒ အထူးပြု၊ တဂုဏ်ဓ-၂ဖြင့် ဖြေဆို အောင်မြင်ထားသော မောင်အာကာဦး ၏ဖခင် ဦးကျိန်ဝေနှင့် ဦးဂျိန်ဝေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျိန်ဝေ(ခ)ဦးဂျိန်ဝေ**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဗန်းမော်တက္ကသိုလ်(အဝေးသင်သင်တန်း)
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၉ပညာသင်နှစ်အတွက် ၂၀၁၉ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဗန်းမော်တက္ကသိုလ် (အဝေးသင်သင်တန်း)၏ စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဉ္စမနှစ် ဥပဒေပညာ(ဘွဲ့)စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား/သူများသည်(ပထမကြိမ်) ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂"x ၁ ၁/၂")လက်မအရွယ် (၆)လအတွင်း ရိုက်ထားသည့် ဓာတ်ပုံ(၅)ပုံနှင့်မှတ်ပုံတင်မိတ္တူ (၁)စုံပူးတွဲ၍ ၂၂-၁-၂၀၂၀ရက်မှ ၇-၂-၂၀၂၀ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/ (ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းလျှောက်လွှာများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဗန်းမော်တက္ကသိုလ် (အဝေးသင်သင်တန်း)တွင်ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ ဗန်းမော်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို ဗန်းမော်တက္ကသိုလ် (ငွေလက်ခံဌာန)တွင်ပေးသွင်း လျှောက်ထားရပါမည်။

၆။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ် အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကိုလက်ခံမည်မဟုတ်ပါ။)

၇။ ၂၀၁၉ပညာသင်နှစ် မတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေပညာ(ဘွဲ့)စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ ၂၀၁၉ ပညာသင်နှစ် အောင်မြင်သူများတွင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမှန်တကယ် ဘွဲ့တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန် ဖြစ်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(ခင်သိပ္ပံ)
မော်ကွန်းထိန်း၊ သင်တန်းရေးရာ
ဗန်းမော်တက္ကသိုလ်

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်နေ **ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ဒါယိကာမကြီး ဒေါ်ကျန်တင်** အား ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ **သုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးဆထက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း မေတ္တာပို့ ဆုတောင်းအပ်ပါသည်။

**ဆရာတော်ဘဒ္ဒန္တ ဦးစန္ဒောဘာသနှင့်**
**ရဟန်းသံဃာ၊ ဒါယကာ ဒါယိကာမများ**
**မင်္ဂလာသီရိသတိပဋ္ဌာန်ကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊**
**ရန်ကုန်မြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆန်ဂျာ ၁/မကန(နိုင်)၀၉၈၃၁၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၈၃၁၈၃၉၆၆

## ပတ်စ်ပို့ပျောက်

ကျွန်မဒေါ်အေးကြူ ၁/မညန(နိုင်)၀၇၃၆၀၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၆၆၆၆၈၈၁၈

## ပတ်စ်ပို့ပျောက်

ကျွန်မ မသူဇာလင်း ၁/မကန(နိုင်)၁၈၆၄၃၇၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၆၆၆၆၈၈၁၈

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာနူးအောင် ၁/မကန(နိုင်)၂၂၃၉၄၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၉၃၂၆၀၅၉၁

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁W/၇၃၉၄၆ Honda C90 Custom CMV M/Cယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/တတဥ(နိုင်)၀၉၀၆၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9597 Yan Naing L/T P/U(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသူ ၉/ခမစ(နိုင်)၀၅၄၁၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4524 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/5785၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ကလေး)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၂၃၁၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၁၀/ခဆန(နိုင်)၀၀၁၃၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၅၄၃၈၆ Honda CBR 150ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိုက်ချမ်း ၁၀/ပမန(နိုင်)၂၄၅၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၈၂၆၇၄ Honda Wave 125ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမြင့်ဖေ ၁၀/ပမန(နိုင်)၀၂၆၆၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A-252)၊မြေရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဦးစိုင်းခမ်းဝင်း(ဘ)ဦးလွန်းမောင် ၂/လကန(နိုင်)၀၂၁၄၂၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုင်းခမ်းဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာ(၃၃၃၁/၂၀၁၉)ရရှိထားသူ ဦးပံသုကျော်(ဘ)ဦးအေးကျော် ၁၄/မမက(နိုင်)၁၁၃၄၃၇ မှ မြေပေးမိန့်(ပါမစ်)၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ ဦးစိုင်းခမ်းဝင်းအမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၅၆-အေ)၊ ရေိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်ဝင်း အမည်ပေါက်မြေကွက်အား ဦးကံညွန့်(ဘ)ဦးခွေး ၉/တကန(နိုင်)၀၀၇၆၆၄မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီမှ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံပြုချက်မူရင်းများတင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင် ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၂-ခ)၊ ဦးပိုင်အမှတ်(၃၁)၊ မြေရိယာ ၀ဒသမ၁၀၅ဧကရှိ ဦးSခါးတောင်အမည်ဖြင့် ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ၁၅-၁-၂၀၀၂ရက်နေ့တွင် ဦးSခါးတောင်၏တရားဝင်ဇနီးဒေါ်ဂျာပါထံမှ ဒေါ်နန်းမေသူစိုးက နှစ်ဦးသဘောတူနေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းမေသူစိုး ၁/မကန(နိုင်)၀၀၅၇၂၄ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၈-၁၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၈၂၆/၂၀၁၉)ကို (၁၃-၁၁-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၀၇/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်းအမှတ်(၈)၊ ကွင်းအမည်(စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၇၇)၊ မြေယာအမှတ်(143)၊ မြေရိယာ ၀ဒသမ၀၇၄ဧကရှိမြေကွက်အား ဒေါ်ခင်သောင်း၊ ဒေါ်နီနီ၊ ဒေါ်ခင်မျိုးတီ၊ ဦးဝင်းမောင်(၄)ဦးတို့မှ မြေငှားဂရန်အမှုအမှတ် (၆၃/၁၉၅၇-၅၈)အရ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါအဆိုပါ (၄)ဦးအနက်မှ ဒေါ်ခင်သောင်းနှင့်ဦးဝင်းမောင်တို့ကွယ်လွန်ပြီး ၎င်းတို့၏အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်ခင်သောင်း၏ခင်ပွန်း ဦးဟိန်းဟန်မှလည်း ကွယ်လွန်ပြီးဖြစ်၍ ၎င်းတို့၏သားသမီးဖြစ်သော ဒေါ်မိုးသန္တာ ၉/မမန(နိုင်)၀၁၅၈၄၅၊ ဦးသိန်းထိုက် ၉/မမန(နိုင်)၀၁၅၈၄၆နှင့် ဦးဝင်းမောင်၏အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ခင်မြသွယ်(ခ)မစ္စရိုစီထွန်း ၈/မကန(နိုင်) ၁၀၄၆၈၀တို့အပါအဝင် သက်ရှိထင်ရှားရှိ ဒေါ်နီနီ ၁၂/ရကန(နိုင်)၀၂၁၃၅၇၊ ဒေါ်ခင်မျိုးတီ ၉/မမန(နိုင်)၀၁၅၄၁၁တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခြင်းနှင့်မြေငှားဂရန် သက်တမ်းတိုးခြင်းများကို ဒေါ်နီနီနှင့်ဒေါ်ခင်မြသွယ်(ခ)မစ္စရိုစီထွန်း၏အထွေထွေကိုယ်စားလှယ်စာ လက်ခံရရှိထားသူ ဒေါ်ခင်မျိုးတီမှလည်းကောင်း၊ ဦးသိန်းထိုက်၏ အထွေထွေကိုယ်စားလှယ်စာလက်ခံရရှိထားသူ ဒေါ်မိုးသန္တာမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ် ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A-189)၊ မြေရိယာ၀ဒသမ၂၂၉ဧကရှိ ဗိုလ်မှူးကြီးသန့်စင်လေး(ဘ)ဦးကိုကိုလေး ၁၂/ဗဟန(နိုင်)၀၄၅၃၈၆အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား ဗိုလ်မှူးကြီးသန့်စင်လေးထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၉၄၉၀/၂၀၁၉)ရရှိသူ ဒေါ်မိုးကြည်(ဘ)ဦးတင်မောင် ၁၃/ကလန(နိုင်)၀၁၀၂၅၈ မှ နှစ်(၃၀)မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ ဒေါ်မိုးသူတင့်(ဘ)ဦးရဲတင့် ၁၃/ကလန(နိုင်)၀၅၅၄၁၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ဥက္ကံရပ်)၊ ဦးပိုင်အမှတ် (၅၀က)၊ ရေိယာ ၀ဒသမ၀၁၄ ဧကရှိ ဒေါ်သန်းသန်းဦး အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဒေါ်သန်းသန်းဦး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၂/၂၀၁၉)ရရှိသူ ဒေါ်နီနီဦး(ဘ)ဦးဘလွင် ၁၂/ကတတ(နိုင်)၀၁၂၆၉၂ မှ ဦးဝင်းဇော်ဦး(ဘ)ဦးသိန်းဦး ၇/ရတန(နိုင်)၀၆၆၈၂၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မေတ္တာဖြင့်အပြီးအပိုင်ကမ်းခြင်းစာချုပ်အမှတ် (၅၈/၁၉၉၄)၊ တရားရုံးကျမ်းကျိန်ဆိုချက်(၅၉/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)များတင်ပြပြီး မြေပုံ/မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-062)၊ မြေရိယာ ၀ဒသမ၁၃၇ဧကရှိ ဦးသက်နိုင်ဦး (ဘ)ဦးကျော်ငြိမ်း ၇/ဖမန(နိုင်)၀၁၃၈၇၅အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်နိုင်ဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာ(၃၃၃၁/၂၀၁၈)ရရှိထားသူ ဦးမင်းသီဟ(ဘ)ဦးခင်ဝင်း ၁၂/မဂဒ(နိုင်)၀၉၅၁၆၆မှ မြေပေးမိန့်(ပါမစ်)၊ ကိုယ်စားလှယ်လွှဲစာ (SPECIAL POWER OF ATTORNEY)မူရင်းများတင်ပြ၍ ဦးသက်နိုင်ဦးအမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁/ပေါင်းလောင်း၊-၁၊ ဦးပိုင်အမှတ်(၂၀၆)၊ မြေကွက်အမှတ်(၇၉၂)၊ ရေိယာ ၀ဒသမ ၀၅၈ဧကရှိ ဦးလေးပို အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်ကျော်ဇင်၊ ဒေါ်ဝါဝါအောင်၊ (ဘ)ဦးသန်းကျော်၊ဦးအောင်ဝင်း၊ ၉/ကပတ(နိုင်)၀၃၀၄၄၁၊ ၉/ပမန(နိုင်)၀၀၆၃၇၉ မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၅၀၇၂ Honda Dream 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဖြူဖြူဝင်း ၁၀/ခဆန(နိုင်)၀၉၇၈၃၀မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/7664 Nissan Clipper U71T/Pickup(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစောရွှေဝင်း ၃/ဘအန(နိုင်)၁၃၆၀၃၁မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၃၆၆၇၇ Honda Wave 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့သူ ၁၀/မလမ(နိုင်)၂၄၉၁၂၄မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၂၆၆ Honda Wave 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၁၀/မလမ(နိုင်)၁၄၀၁၉၄မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၄၂၆၂ Honda Wave 100 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၁၀/မလမ(နိုင်)၁၄၀၁၉၄မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗာဂျီးနီးယာရုံးဝင်းနေ ဒေါ်ကြည်ကြည်သိန်း၏မြေးဒေါ်နီလာကျော် ၈/ပခက(နိုင်)၁၆၀၉၃၅၏ သားဖြစ်သူမောင်ကျော်မင်းဦး(ခ) မောင်ဖြိုးဝေဦး ၈/ပခက(နိုင်)၃၁၁၀၉၀သည် မိဘ၏ဆုံးမသွန်သင်မှုကိုနားမထောင်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူနိုင်ကြောင်း အသိပေးကြေညာပါသည်။

ဒေါ်နီလာကျော်
၈/ပခက(နိုင်)၁၆၀၉၃၅

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာနေ ဦးလှအောင် ၈/မကန(နိုင်)၁၈၇၅၁၀နှင့် ဒေါ်ငွေ ၁၁/ကတန(နိုင်)၀၇၁၈၂၈ တို့၏သားလတ် ဦးအောင်မျိုးသိန်း ၁၁/ကတန(နိုင်)၀၆၅၄၉၉ သည် မိဘ(၂)ပါးနှင့် ညီအစ်ကိုမောင်နှမများအား အကြောင်းအမျိုးမျိုးဖြင့် စိတ်ဒုက္ခအကြိမ်ကြိမ်ပေးနေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဦးအောင်မျိုးသိန်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **ဖခင်-ဦးလှအောင်၊မိခင်-ဒေါ်ငွေနှင့် ညီအစ်ကိုမောင်နှမများ**




## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းရဲနန်ခမ်း ၁၃/တခလ(နိုင်) ၀၇၂၀၂၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၇၆၆၅၁

## ပျောက်ဆုံးကြောင်း

ကျွန်မ အေးဆန်းကြည် ၉/မလန (နိုင်)၁၃၀၄၀၃ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၇၆၆၅၁

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်အေးအေးနွဲ့ ၁၃/မနန(နိုင်)၀၁၆၂၃၂မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မြဝတီမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် စာချုပ်အမှတ်(၁/၂၀၂၀)ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။




မှတ်ပုံတင်အမှတ် ၁/၂၀၂၀ အထက်ဖော်ပြပါရေသန့်တံဆိပ်အမှတ်အသားကိုအသုံးပြု၍ သောက်ရေသန့်ဘူးကြီး၊ ဘူးလတ်၊ ဘူးသေးအရွယ်အစားအမျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဝန်းအတွင်း ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် စက္ကူထုပ်၊ ပါဆယ်အိတ်၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို အမှတ်အသားတံဆိပ်ပြုလုပ်၍ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတံဆိပ်အမှတ်အသားကို တခြားမည်သူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးနွဲ့**
**၁၃/မနန(နိုင်)၀၁၆၂၃၂**
**ဖုန်း ၀၉-၇၈၈၈၅၄၆၆**

## တိုက်နှင့်ခြံအမြန်ရောင်းမည်

သယ်န်းကျွန်း၊ သုဝဏ္ဏဈေးအနီး၊ ကောက်လျှင်လမ်း၊ လမ်းသွယ်(၂)၊ (၃၀×၅၅)ပေ မြေပေါ်ရှိ နှစ်ထပ်တိုက်၊ အိပ်ခန်း(၄)ခန်းပါ၊ ရေမီးစုံ မိသားစု(၂)စု နေထိုင်လို့ရပါသည်။ စာချုပ်စာတမ်းခိုင်မာပြီး သက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

စုံစမ်းရန် - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၀၁၅၆၄၇

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/21488 DAYANG-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၁၄/ပသန (နိုင်)၁၇၇၉၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

